# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက် | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၂၂)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ၏ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၉

လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်လွှတ်တော်အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❖



**ယနေ့ ဖတ်စရာ**

**အရေးပေါ်အခြေအနေ ဆက်လက်ကြေညာ** — ပြည်တွင်းသတင်း — စာ ၃

**စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်** — ပြည်တွင်းသတင်း — စာ ၃

**စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၁ / ၂၀၂၆ ထုတ်ပြန်** — ပြည်တွင်းသတင်း — စာ ၃

**ပြည်ထောင်စုဟု ခေါ်ပါသည်** — ဆောင်းပါး — စာ ၆

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်း ကြေညာ** — ပြည်တွင်းသတင်း — စာ ၈

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှု အခြေအနေ** — ပြည်တွင်းသတင်း — စာ ၁၀





## အရေးပေါ်အခြေအနေ ဆက်လက်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အရေးပေါ်အခြေအနေဆက်လက်ကြေညာခြင်း
ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၁ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် )

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် (၁/၂၀၂၅)ကို ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်၍ ယင်းအမိန့်တွင် ဖော်ပြပါရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်များအား အရေးပေါ်အခြေအနေကြေညာခဲ့ပါသည်။

၂။ ဤအမိန့်သည် ယနေ့မှစ၍ နောက်ထပ်ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
စစ်အုပ်ချုပ်ရေးအမိန့်ဆက်လက်ထုတ်ပြန်ခြင်း
ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၂ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် )

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဥပဒေကဲ့သို့အာဏာတည်သောအမိန့် (၁/၂၀၂၆) ဖြင့် အရေးပေါ်အခြေအနေဆက်လက်တည်ရှိကြောင်း ကြေညာထားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြို့နယ်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (ခ) အရ စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်၍ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆက်လက်အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၁ / ၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၁ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် )

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၁ / ၂၀၂၅ နှင့် စစ်အုပ်ချုပ်ရေး အမိန့်အမှတ်၊ ၂ / ၂၀၂၅ တို့သည် ဆက်လက်အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သူ အား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## စည်းလုံးခြင်းသည် အင်အား၊ ညီညွတ်ခြင်းသည် စွမ်းအား ငြိမ်းချမ်းခြင်းသည် အလှတရား

❖*ရွှေဖုံးမှ*

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တတိယအကြိမ် လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင်းပပြုလုပ်သွားမည် ဖြစ်သည့်အတွက် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် တတိယအကြိမ်လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်ရမည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းများကို အတည်ပြုပြီးချိန်တွင် ဖိတ်ကြားရေးဆိုင်ရာကိစ္စရပ်များကို အချိန်မီဆောင်ရွက်နိုင်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရန် ရိပ်သာများ ပြင်ဆင်ဆောင်ရွက်ထားရှိရေး၊ သောက်သုံးရေနှင့်လျှပ်စစ်မီးများ အဆင်ပြေစွာအသုံးပြုနိုင်ရန် ဆောင်ရွက်ထားရှိရေး၊ လွှတ်တော်အစည်းအဝေးများ ကျင်းပစဉ်နှင့် ရပ်နားစဉ်ကာလတို့တွင် လွှတ်တော်ဝင်း အတွင်း/ အပြင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်သည့်နေရာများတွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားရှိရေး၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် စားသောက်ရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ သွားလာရေး အဆင်ပြေစေရေးအတွက် သယ်ယူပို့ဆောင်ရေးကိစ္စရပ်များကိုလည်း စနစ်တကျဆောင်ရွက်ထားရှိရေး၊ လွှတ်တော်အသီးသီးရှိ တယ်လီဖုန်းဆက်သွယ်မှုစနစ်များ၊ e-Voting စနစ်နှင့် Delegate Unit များ၊ LED board များ ကောင်းမွန်စွာအသုံးပြုနိုင်ရေးတို့အတွက်လည်း စမ်းသပ်လေ့ကျင့်မှုများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အလားတူ ငလျင်ဒဏ်ကြောင့် လွှတ်တော်ပရဝဏ်အတွင်း ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ လမ်း၊ တံတားများ အဆင့်မြှင့်ပြန်လည်ပြင်ဆင်ထားရှိမှု စနစ်တကျရှိစေရေး၊ လွှတ်တော်အသီးသီး၏ လွှတ်တော်အစည်းအဝေးကျင်းပမှု သတင်းမှတ်တမ်းများ ရိုက်ကူးထုတ်လွှင့်ခြင်းနှင့် ရုပ်/သံစက်ပစ္စည်းများ ကောင်းမွန်စေရေး၊ ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများ၏ သတင်းရယူရေးကိစ္စရပ်တို့တွင်လည်း စနစ်တကျနှင့် အဆင်ပြေချောမွေ့စေရေးတို့ကို ကော်မတီအလိုက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် ယခုအစည်းအဝေးတွင် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်အဖွဲ့ဝင်များ ပြည်သူ့လွှတ်တော်သို့ သွားရောက်၍ လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က တတိယအကြိမ် လွှတ်တော်အသီးသီး၏ လွှတ်တော်အစည်းအဝေးများ စနစ်တကျဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများအလိုက် တာဝန်ရှိသူများက လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွှတ်တော်ဝင်းအတွင်းရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များသို့ သွားရောက်၍ လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဂမ်ဘီယာနှင့် မြန်မာတို့၏အမှုနှင့်ပတ်သက်၍ ကြားနာပွဲ ဆက်လက်ပြုလုပ် မြန်မာ၏ ဒုတိယအကျော့ လျှောက်လဲမှုများစတင်



**နေပြည်တော် ဇန်နဝါရီ ၂၉**

ဂမ်ဘီယာနှင့် မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ (Oral Hearing) ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ ပြုလုပ်လျက်ရှိရာ မြန်မာ၏ ဒုတိယအကျော့ လျှောက်လဲမှုကို ဇန်နဝါရီ ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် စတင်သည်။**(ယာပုံ)**

မြန်မာနိုင်ငံ၏ ရှေ့နေများက ဂမ်ဘီယာ၏ အထောက်အထားများ ခိုင်လုံမှုမရှိကြောင်းနှင့် တရားသူကြီးများ၏ မေးခွန်းများကို လျှောက်လဲဖြေကြားကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr. Christopher Staker က မြန်မာနိုင်ငံ၏ ဒုတိယအကျော့လျှောက်လဲချက်၏အဖွင့်နိဒါန်းပြောကြားရာတွင် မြန်မာနိုင်ငံ၏ ပထမအကျော့ လျှောက်လဲချက်တွင်ဖော်ပြခဲ့သည့် ရပ်တည်ချက်အတိုင်း ဆက်လက်ရပ်တည်ပါကြောင်း၊ ဂမ်ဘီယာသည် အထောက်အထားအသစ်မတင်ပြနိုင်ဘဲ အချက်အလက်စုံစမ်းရှာဖွေရေးအဖွဲ့(FFM)နှင့် ကျွမ်းကျင်သက်သေ Newton ၏အချက်အလက်များကိုသာ ဆက်လက်ကိုးကားနိုင်သည်ကိုတွေ့ရကြောင်း၊ အချိန်ကိုင့်ညှာသောအားဖြင့် ဂမ်ဘီယာ၏ စွပ်စွဲချက်အားလုံးကို ဖြေဆိုမည်မဟုတ်သော်လည်း မြန်မာ၏စာဖြင့်ရေးသားလျှောက်လဲချက်များတွင် ပြည့်စုံစွာ ဖြေကြားပြီးဖြစ်ကြောင်း၊ သက်သေအထောက်အထားများမှန်ကန်မှု ရှိ မရှိကို FFMက ဆုံးဖြတ်ရမည်မဟုတ်ဘဲ တရားသူကြီးများက ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ FFM ကလည်း ဖြစ်နိုင်ခြေရှိသည်ဟုသာ သုံးသပ်ထားကြောင်း၊ Newton ကလည်း ၎င်း၏ကျွမ်းကျင်မှုဖြင့် လျှောက်တင်ထားသည့် သုံးသပ်ချက်မှာလည်း FFM အစီရင်ခံစာအပေါ်တွင်သာ သုံးသပ်ထားခြင်းဖြစ်ကြောင်း။

၂၆-၁-၂၀၂၆ ရက်တွင် ဂမ်ဘီယာရှေ့နေများက မြန်မာရှေ့နေများသည် မြန်မာနိုင်ငံအတွက် မဟုတ်မမှန် ကာကွယ်ပြောဆိုသည်ဟုစွပ်စွဲကြောင်း၊ မိမိတို့ရှေ့နေများအနေဖြင့် ရှေ့နေများ၏ ကျင့်ဝတ်များကို စောင့်ထိန်းသကဲ့သို့ မြန်မာနိုင်ငံသည်လည်း အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂ၊ လူမျိုးသုဉ်းစေမှုစာချုပ်တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း၊ စာချုပ်ပါ အချက်အလက်များကို အပြည့်အဝလိုက်နာသည့် တာဝန်သိနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့ဖြစ်ရာ ဂမ်ဘီယာ၏ပြောကြားမှုကို ကန့်ကွက်ပါကြောင်း လျှောက်လဲသည်။

ဆက်လက်၍ Mr. Christopher Staker က အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးတွင် လူမျိုးသုဉ်းကျူးလွန်မှုဖြစ်နိုင်သည်မှာ မှန်သော်လည်း လက်တွေ့တွင် ဖြစ်ပွားခဲ့ခြင်းမရှိကြောင်းကို အပြည်ပြည်ဆိုင်ရာစုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) တွင်လည်း ဖော်ပြထားပြီးဖြစ်ကြောင်း၊ ဂမ်ဘီယာက ဖြစ်စဉ်အသေးစိတ်ကို လေ့လာခြင်းမရှိဘဲ ရွာသုံးရွာကိုသာရည်ညွှန်းပြီး လူမျိုးသုဉ်းစေမှုသည် ကိန်းဂဏန်းနှင့်မဆိုင်ဘဲ ရည်ရွယ်ချက်သာ အဓိကကျသည်ဟု ပြောနေကြောင်း၊ မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စွန့်ခွာသွားသူများကို တိုက်ခိုက်မှုမပြုလုပ်သကဲ့သို့ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာရသူများ နေထိုင်သည့်စခန်း(IDP)တွင် နေထိုင်သူများကို ကာကွယ်စောင့်ရှောက်ထားပါကြောင်း၊ ဂမ်ဘီယာက အုပ်စုတစ်စု၏ အစုအဖွဲ့ကို သတ်ဖြတ်သည်ဟု စွပ်စွဲကြောင်း၊ သို့သော် ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီအများအပြား နေထိုင်လျက်ရှိကြောင်း လျှောက်လဲသည်။

ထို့နောက် မြန်မာနိုင်ငံ၏ရှေ့နေ Mr. David Hooper က တရားရုံးတွင်ထွက်ဆိုခဲ့သည့် သက်သေများနှင့်ပတ်သက်၍ ဂမ်ဘီယာ၏ ပထမသက်သေ MN(အမည်လွှဲ)၏ ဖြေကြားချက်များသည် လိမ်ညာမှုများဖြစ်နေကြောင်း၊ ဂမ်ဘီယာ၏ အခြားသက်သေထွက်ဆိုချက်များတွင်ပါဝင်သည့် ARSA ၏ ရွာတွင်းလှုပ်ရှားမှုများကို သိရှိခြင်းမရှိဟုဆိုကြောင်း၊ ရွာအတွင်း ARSA များ လှုပ်ရှားနေမှုကြောင့်သာ တပ်မတော်က ဝင်ရောက်တိုက်ခိုက်ခဲ့သည်ကို မည်သည့်အတွက်ကြောင့် တိုက်ခိုက်သည်ကို မသိရှိဟုဆိုကြောင်း၊ သို့သော် ၎င်း၏ဇနီးနှင့် ကလေးများအပါအဝင် အမျိုးသမီးနှင့်ကလေး ၁၀၀ ခန့်ကို မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်တစ်လုံး၌ ထိန်းသိမ်းခဲ့သော်လည်း နောက်ပိုင်းတွင် ဘေးမသီရန်မခဘဲ လွတ်မြောက်ခဲ့ကြောင်း၊ ၎င်းတို့မိသားစုအနေဖြင့် ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းကို ထွက်ခွာခဲ့စဉ်ကလည်း လမ်းတွင်အနှောင့်အယှက်မရှိခဲ့ဟု ထွက်ဆိုခဲ့သည်ကို သိရှိစေလိုပါကြောင်း၊ ၎င်း၏ ညီအစ်ကိုဝမ်းကွဲတော်စပ်သူသည် ယခုအချိန်အထိ ရခိုင်ပြည်နယ်တွင်ရှိပြီး အစိုးရဝန်ထမ်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း။

ဒုတိယသက်သေ NJ (အမည်လွှဲ) ကလည်း အိမ်တွင်း၌သာ နေထိုင်သူဖြစ်ပြီး ARSA ကို မသိရှိကြောင်း လျှောက်လဲထွက်ဆိုခဲ့ပါကြောင်း၊ သို့သော် Legal Action Worldwide (LAW) တွင် ထွက်ဆိုခဲ့သည့် ထွက်ချက်နှင့် ယခုတရားရုံးသို့ တင်ပြသည့် ထွက်ချက်များ ကွဲပြားနေသည်ကို တွေ့ရကြောင်း၊ အကယ်၍ တရားရုံးတွင် ထွက်ဆိုမှုများမှာ မှန်ကန်သည်ဟု ယူဆသည့်တိုင် LAW တွင်ဖော်ပြသည့် ထွက်ဆိုချက်များမှာ မှားယွင်းသည်ဟု ကောက်ချက်ချရမည်ဖြစ်ကြောင်း။

တတိယသက်သေ MS (အမည်လွှဲ) ကလည်း ARSA အကြောင်းသိရှိသော်လည်း ဖုံးကွယ်ထွက်ဆိုခဲ့ပါကြောင်း၊ ၎င်း၏ထွက်ဆိုချက်များမှာ ယုံကြည်နိုင်စရာမရှိပါကြောင်း၊ ၎င်းသည် ရွာနှင့်တစ်မိုင်ခန့်ဝေးသည့်ချောင်းကို ဖြတ်ကျော်ထွက်ပြေးခဲ့ပြီးနောက် ရွာတွင်း၌ ဖြစ်စဉ်များကို မြင်တွေ့ရကြောင်း ထွက်ဆိုမှုမှာ လုပ်ကြံထွက်ဆိုမှုများဖြစ်ကြောင်း၊ ၎င်း၏ ယခင် LAW ၌ ထွက်ဆိုခဲ့သော ထွက်ချက်တွင် ချောင်းဖြတ်ပြီးနောက် ကြောက်ရွံ့တုန်လှုပ်မှုကြောင့် ဖြစ်စဉ်များကို မသိကြောင်းဆိုသော်လည်း ယခုထွက်ဆိုချက်တွင် ဖြစ်စဉ်များကို ပြောပြနိုင်သဖြင့် ၎င်း၏မှတ်မိနိုင်စွမ်းမှာ မေးခွန်းထုတ်ဖွယ်ဖြစ်ကြောင်း၊ ထို့ပြင် သက်သေသုံးဦးလုံးက ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများတွင် မြန်မာနိုင်ငံကို သတင်းပေးနေသူများရှိသဖြင့် ၎င်းတို့၏ အမည်များကို လျှို့ဝှက်ထားပေးရန် တောင်းဆိုမှုများမှာ တူညီနေကြောင်း၊ အမှန်စင်စစ်တွင် ၎င်းတို့အနေဖြင့် ARSA ၏ လွှမ်းမိုးမှုကြောင့် ARSAအကြောင်း ထုတ်ဖော်ပြောဆိုရဲခြင်းမရှိကြောင်း လျှောက်လဲသည်။

ဆက်လက်ပြီး Mr. David Hooper က မြန်မာဘက်မှ တင်သွင်းသည့်သက်သေ M1 (အမည်လွှဲ)၏ ထွက်ဆိုချက်နှင့်ပတ်သက်၍ M1 ၏ ထွက်ချက်တွင် ARSA ၏ ရက်စက်ကြမ်းကြုတ်မှု၊ လိမ်ညာထွက်ဆိုရန် ခြောက်လှန့်ပြီး မြန်မာနိုင်ငံကို အပြစ်ပုံချခိုင်းမှု၊ ရခိုင်ရွာများနှင့် ရဲစခန်းများကိုတိုက်ခိုက်ရန် အကြံအစည်ရှိမှုတို့ပေါ်လွင်ကြောင်း၊ ၎င်းတို့ကို ဖမ်းဆီးခေါ်ဆောင်သူများ၊ အမျိုးသားများကို သတ်ဖြတ်သူများမှာ တစ်ရွာတည်းအတူနေ ဘင်္ဂါလီရွာသားဖြစ်ကြောင်း အချက်အလက်များကို လေ့လာကြည့်ပါက ရွာများတွင် ARSA ဩဇာခံ အများအပြားရှိသည်ကိုတွေ့ရှိရကြောင်း၊ ခမောင်းဆိပ်ဖြစ်စဉ်၌ ဟိန္ဒူနှင့် တိုင်းရင်းသား ၁၀၅ ဦး သတ်ဖြတ်ခံရမှုကို သက်သေအထောက်အထား အချက်အလက်ခိုင်မာစွာဖြင့် ထွက်ဆိုခဲ့ပါကြောင်း။

ဂမ်ဘီယာကတင်သွင်းသည့် သက်သေသုံးဦးသည် ယခင်စာဖြင့် တင်သွင်းခဲ့စဉ်က ထွက်ဆိုချက်များ FFM ၊ IIMM ၌ ဖော်ပြချက်များနှင့် ကိုက်ညီမှုမရှိကြောင်း၊ မြန်မာရှေ့နေများက ထောက်ပြပြောဆိုနိုင်ခြင်း၊ အထူးသဖြင့် ARSA အကြမ်းဖက်၏ တိုက်ခိုက်မှုများနှင့် ARSA ၏ အရေးပါသည့်အခန်းကဏ္ဍများကို ဖုံးကွယ်ထွက်ဆိုမှုများ၊ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံက တရားဥပဒေနှင့်အညီ အကြမ်းဖက်နှိမ်နင်းရေး ဆောင်ရွက်မှုကို လူမျိုးသုဉ်းသတ်ဖြတ်မှုအဖြစ် ပုံဖော်ထွက်ဆိုမှုများအပေါ် ထောက်ပြပြောဆိုခဲ့ကြောင်း၊ ဂမ်ဘီယာ၏ ကျွမ်းကျင်သက်သေ Newton ၏ ထွက်ဆိုချက်နှင့်ပတ်သက်၍ ၎င်းအား တရားရုံးသို့တင်သွင်းသည့် သုံးသပ်ချက်များသည် လုပ်ငန်းလမ်းညွှန်ချက်မရှိသည်ကိုတွေ့ရကြောင်း။

၎င်းက လက်နက်ကိုင်သောင်းကျန်းမှုတုံ့ပြန်သည့် စစ်ဆင်ရေး(COIN)ဆိုင်ရာ ပညာရှင်ဟုဆိုသော်လည်း ၎င်း၏တတ်ကျွမ်းမှုဘောင်ကိုကျော်၍ လူမျိုးသုဉ်းစေမှုဆိုင်ရာပညာရှင်ကဲ့သို့ ထွက်ဆိုထားကြောင်း၊ ၎င်း၏ ပထမအစီရင်ခံစာတွင် ARSA အကြောင်းကို ဖော်ပြခြင်းမရှိကြောင်း၊ ဒုတိယအစီရင်ခံစာတွင်မှသာ ARSA သည် အင်အားရှိသည့် တိုက်ခိုက်ရေးအဖွဲ့ဖြစ်သည်ဟုဆိုကြောင်း၊ ၎င်းအနေဖြင့် ယခုအမှုတွင် ဂမ်ဘီယာအတွက်ပံ့ပိုးနေသည့် အဖွဲ့အစည်းများနှင့်လည်း ပတ်သက်ဆက်နွှယ်မှုရှိနေကြောင်းကို ဝန်ခံထားကြောင်း လျှောက်လဲသည်။

ထို့နောက် မြန်မာနိုင်ငံ၏ရှေ့နေ Ms. Leigh Lawrie က ARSA အကြောင်းနှင့် ARSA အကြမ်းဖက်မှုကြောင့် အပြစ်မဲ့ပြည်သူများကို ကယ်တင်ခဲ့ရသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ တရားသူကြီး Brent က မေးမြန်းသည့် ARSA ၏ဖွဲ့စည်းပုံ၊ အင်အား၊ တိုက်ခိုက်မှုစွမ်းရည်တို့ကို ဖြေကြားရမည်ဆိုလျှင် ARSA သည် အရှေ့အလယ်ပိုင်းနိုင်ငံများရှိ ပုဂ္ဂိုလ်များထံမှ အထောက်အပံ့ရရှိကြောင်း၊ အင်အားတိုးချဲ့၍ အကြမ်းဖက်တိုက်ခိုက်ရေး သင်တန်းများပေးကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ရဲကင်းစခန်းသုံးခုကို တိုက်ခိုက်နိုင်ရာမှ ၂၀၁၇ ခုနှစ်တွင် ရဲကင်းစခန်း ၃၀ ကို တစ်ပြိုင်တည်း တိုက်ခိုက်နိုင်သည်အထိ အင်အားစုဖွဲ့လာနိုင်ကြောင်း၊ လက်လုပ်ဗုံး(IED)များ ထုတ်လုပ်နိုင်ပြီး ကင်းထောက်နိုင်သည့် စွမ်းရည်လည်းရှိကြောင်း။

၎င်းတို့သည် ထောက်ခံသူများကို အားပြု၍ တိုက်ခိုက်မှုများပြုလုပ်ကြောင်း၊ ARSA အင်အား ၁၇၀၀၀ ကျော်ရှိကြောင်း၊ တရားသူကြီး၏ ဒုတိယမေးခွန်းဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် စစ်ဆင်ရေးပြုလုပ်ရာတွင် ARSA ၏ ထောက်ခံသူများမှာ ရာနှင့်ချီရှိပြီး အကြမ်းဖက်တိုက်ခိုက်ရာတွင် တုတ်၊ ဓားများကိုင်ဆောင်ကာ လူအရေအတွက် အသာစီးယူ၍ တိုက်ခိုက်ကြောင်း၊ သို့ဖြစ်ရာ ထောက်ခံသူများဟုဆိုသည်မှာ လိုက်လံတိုက်ခိုက်ပေးသူများဖြစ်ကြောင်း၊ တရားသူကြီး၏ တတိယမေးခွန်းဖြစ်သည့် တိုက်ပွဲအတွင်း တိုက်ခိုက်ရေးသမားများနှင့် အရပ်သားကို ခွဲခြားပုံနှင့်ပတ်သက်၍ တပ်မတော်က တိုက်ပွဲများမစတင်မီကပင် တပ်သားများအား တိုက်ပွဲအတွင်း လိုက်နာကျင့်သုံးရမည့်စည်းမျဉ်း(RoE)ကို ညွှန်ကြားခဲ့ပါကြောင်း၊ ထို့အပြင် စည်းမျဉ်းများ ဖော်ပြထားသည့် အိတ်ဆောင်ကတ်ပြားများကို တပ်သားတိုင်းကို ပေးအပ်ခဲ့ကြောင်း။

ပစ်ခတ်ရာတွင် မိမိအသက်အန္တရာယ်ကျရောက်နိုင်သည့် တိုက်ခိုက်မှုအခြေအနေကျရောက်ချိန်နှင့် လက်နက်ကိုင်ဆောင်ထားသူများကိုသာ ပစ်ခတ်ရန် ညွှန်ကြားထားကြောင်း၊ တရားသူကြီး၏ စတုတ္ထမေးခွန်းဖြစ်သည့် တိုက်ပွဲများအတွင်း ARSA မည်မျှသေဆုံးသည်၊ အရပ်သား မည်မျှသေဆုံးခဲ့သည်နှင့် ပတ်သက်၍ ၂၀၁၆ ခုနှစ်ဖြစ်စဉ်တွင် ARSA ၆၉ ဦး သေဆုံးပြီး ၂၀၁၇ ဖြစ်စဉ်တွင် ARSA ၃၇၆ ဦး သေဆုံးခဲ့ပါကြောင်း၊ သို့သော် ICOE အစီရင်ခံစာအရ အရပ်သားများလည်း သေဆုံးကြောင်းဖော်ပြထားပြီး ယင်းအတွက် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်ရန် တိုက်တွန်းထားကြောင်း၊ တရားသူကြီး Pillay ၏ မေးခွန်းဖြစ်သည့် တပ်မတော်အနေဖြင့် အရပ်သားများကို ကယ်တင်မှုနှင့်ပတ်သက်၍ ARSA က လိုက်လံသတ်ဖြတ်သည့် ရခိုင်၊ မြို၊ ဒိုင်းနက်၊ ဟိန္ဒူများကို ကယ်တင်ပေးခဲ့ကြောင်း၊ ARSA က သတင်းပေးဟုစွပ်စွဲသည့် ဘင်္ဂါလီများကိုလည်း ကယ်တင်ကြောင်း၊ ရခိုင်နှင့် ဘင်္ဂါလီများ ပဋိပက္ခမဖြစ်စေရန် ကာကွယ်ပေးကြောင်း လျှောက်လဲသည်။

ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀:၀၀ နာရီတွင် မြန်မာနိုင်ငံ၏ ဒုတိယအကျော့ လျှောက်လဲချက်များ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သဘောထားထုတ်ပြန်ကြေညာချက် အမှတ်(၁/၂၀၂၆)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့မှ ဇန်နဝါရီလ (၂၉) ရက်နေ့အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(International Court Of Justic – ICJ) သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ မတရားစွပ်စွဲချက်များအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နေခြင်းသည် မြန်မာနိုင်ငံ၏တာဝန်ယူမှုနှင့် ဂုဏ်သိက္ခာရှိသောလုပ်ရပ်တို့ကို ဖော်ညွှန်းပြသလျက်ရှိပါသည်။

အမျိုးသားဒီမိုကရေစီပါတီသစ်အနေဖြင့် မြန်မာနိုင်ငံအပေါ် မတရားစွပ်စွဲလုပ်ဆောင်မှုများကို တရားဥပဒေ၏မျှတမှုအပေါ် ယုံကြည်မှုအခြေခံ၍ နိုင်ငံတော်ကိုယ်စား ICJ တွင် ထိရောက်စွာ ပြတ်ပြတ်သားသားရင်ဆိုင်ဖြေရှင်းနေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား အပြည့်အဝ ကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**အမျိုးသားဒီမိုကရေစီပါတီသစ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ညနေပိုင်းတွင် ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပမည့် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC-1)သို့ သွားရောက်ကြည့်ရှု၍ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)တွင် ဆောင်ရွက်လျက်ရှိသော ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားမုခ်ဦးတည်ဆောက်မှု၊ ဂုဏ်ပြုခံလျှောက်လမ်း(Red Carpet) တည်ဆောက်မှု၊ မီဒီယာများနှင့် ရုပ်မြင်သံကြားအတွက် နေရာချထားမှု၊ အခမ်းအနားအစီအစဉ်နှင့် စင်မြင့်တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ LED နှင့် အလင်းပေးစနစ်၊ အသံစနစ်များ စီစဉ်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အခမ်းအနားသို့ အနုပညာရှင်များ အဆင်ပြေစွာ တက်ရောက်နိုင်ရေးနှင့် အခမ်းအနားအစီအစဉ်များကို စနစ်တကျစီစဉ်ကျင်းပနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့သည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ အမှတ်တံဆိပ်မူပိုင်ခွင့် လျှောက်ထားချက်ပေါင်း ၆၇၃၆၉ ခုရှိပြီး မှတ်ပုံတင်လက်မှတ်ပေါင်း ၁၂၁၇၈ ခုကို ထုတ်ပေးနိုင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၂၉**

မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီအစည်းအဝေး ၁/၂၀၂၆ ကို ယနေ့မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ -၁ ၌ ကျင်းပသည်။ **(ယာပုံ)**



ဦးစွာ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီသည် မူပိုင်ခွင့်လျှောက်ထားချက်များနှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း စသည့် ဆုံးဖြတ်ချက်အပေါ် မကျေနပ်၍ အယူခံဝင်မှုများကို အဓိကအဆုံးအဖြတ်ပြုသည့် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီနှင့် မူပိုင်ခွင့်ဦးစီးဌာနတို့အကြား ညှိနှိုင်းပေါင်းစပ်ပေးသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီအစည်းအဝေးများ ငါးကြိမ် ကျင်းပနိုင်ခဲ့ပြီး ဆုံးဖြတ်ချက် ၃၉ ခုကို ချမှတ်နိုင်ခဲ့ပါကြောင်း၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ အမှတ်တံဆိပ်မူပိုင်ခွင့် လျှောက်ထားချက်ပေါင်း ၆၇၃၆၉ ခု ရှိပြီး မှတ်ပုံတင်လက်မှတ်ပေါင်း ၁၂၁၇၈ ခုကို ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ကန့်ကွက်ချက်များအပေါ် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ ခ အရ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို များမကြာမီ အချိန်အတွင်း အဆုံးအဖြတ်ပြုရမည်ဖြစ်သည့်အတွက် အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေပါ ကန့်ကွက်ခြင်းဆိုင်ရာဆောင်ရွက်မည့်နည်းလမ်းများနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်ပါက အေဂျင်စီထံ အယူခံဝင်လာသည့် အမှုများကို ဖြေရှင်းနိုင်ရေးအတွက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အယူခံ စစ်ဆေးရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းနိုင်ရန်နှင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ပညာရှင်ရရှိရေးကို ဆောင်ရွက်လျက်ရှိပြီး အယူခံလျှောက်လွှာများ စနစ်တကျ လက်ခံဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရေးဆွဲပြုစုလျက်ရှိပါကြောင်း။

**အမှာစာများအပေါ် ဝိုင်းဝန်းဆွေးနွေး**

၂၀၂၅ ခုနှစ် ဇူလိုင် ၁၆ ရက်မှ စတင်၍ စာပေနှင့်အနုပညာ မူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း -CMO များ ဖွဲ့စည်းဆောင်ရွက်၍ လျှောက်ထားနိုင်ကြောင်းကို မူပိုင်ခွင့် ဦးစီးဌာန၏ Website နှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ကြေညာခဲ့ပြီး CMO လျှောက်ထားခြင်းများကို စိစစ်ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီလိုဂိုအတွက် ယှဉ်ပြိုင်သူများထံမှ ပေးပို့လာသော လိုဂိုဒီဇိုင်းများအနက် ဆုရလက်ရာရှင်ကို မကြာမီရွေးချယ်သွားမည်ဖြစ်ပါကြောင်းနှင့် အဖွဲ့ဝင်များအနေဖြင့် အစည်းအဝေးသို့ တင်ပြထားသည့် အမှာစာများအပေါ်တွင် ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီ အတွင်းရေးမှူးက အေဂျင်စီသို့တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြပြီး တက်ရောက်လာသည့် အေဂျင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက် အေဂျင်စီအဖွဲ့ဝင်များ၊ မူပိုင်ခွင့်ပညာရှင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် (၂၅)ကြိမ်မြောက် ငွေရတုသုတေသနညီလာခံ၊ သိပ္ပံပွဲတော်ကျင်းပရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် တက္ကသိုလ်သန့်ရှင်းသာယာရေးကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂၉**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်မောင်ထွန်း၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ထွန်းနိုင်၊ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ်သုတေသနနှင့် တီထွင်ဆန်းသစ်မှုစင်တာ (Center for Research and Innovation) တွင် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ (၂၅)ကြိမ်မြောက် ငွေရတုသုတေသနညီလာခံနှင့် သိပ္ပံပွဲတော်(၂၀၂၆)ကျင်းပရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ သိပ္ပံပွဲတော်တွင် ပြခန်းများ ခင်းကျင်းပြသရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)သို့ရောက်ရှိရာ လှိုင်နယ်မြေ ပတ်လမ်းတစ်လျှောက် သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆရာမအဆောင်များ၊ ကျောင်းသား ကျောင်းသူအဆောင်များ အလင်းဖွင့်ရေး၊ ခပေါင်းဆောင်နှင့် ပုပ္ပားဆောင်ရှေ့တွင် ယာယီဖူဆယ်ဘောလုံးကွင်းနှင့် ဘော်လီဘောကွင်း တည်ဆောက်ပေးထားမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လှိုင်တက္ကသိုလ်နယ်မြေ အဆင့်မြှင့်တင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ထို့နောက် လှိုင်တက္ကသိုလ်နယ်မြေတွင် ပထမနှစ် သင်တန်းအသီးသီး၌ တက်ရောက်ပညာသင်ကြားလျက်ရှိသော ပထမနှစ် ကျောင်းသား ကျောင်းသူများကို Theatre စာသင်ခန်းများတွင်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်ပညာရေးတက္ကသိုလ်သို့ ရောက်ရှိကာ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ရန်ကုန်မြို့ရှိ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံ၍ ပညာရေးဒီဂရီကောလိပ်အချို့အား ဆရာအတတ်ပညာတက္ကသိုလ်အဆင့်မြှင့်တင်ရာတွင် လိုအပ်သော သင်ရိုးညွှန်းတမ်းများ ရေးဆွဲပြုစုရေးအတွက် ပဏာမဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးသည်။

ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်တက္ကသိုလ် အစည်းအဝေးခန်းမတွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆပ်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ (၂၅)ကြိမ်မြောက် ငွေရတုသုတေသနညီလာခံ စာတမ်းဖတ်ပွဲနှင့် သိပ္ပံပွဲတော်ကျင်းပရေး၊ ဈေးရောင်းပွဲတော်ကျင်းပရေးအတွက် ဆပ်ကော်မတီများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်တက္ကသိုလ်အပြင်ဘက် ပြည်လမ်းမကြီး တစ်လျှောက်နှင့် အင်းယားလမ်း တစ်လျှောက် လှည့်လည်၍ ရန်ကုန်တက္ကသိုလ်ဝင်းကို နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ပရဝုဏ်အဖြစ် တင့်တယ်စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်သို့ရောက်ရှိကာ တက္ကသိုလ်ပင်မဆောင်၊ စာကြည့်တိုက်၊ ရေကန်၊ ဘောလုံးကွင်းတို့ကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုဟုခေါ်ပါသည်

မေ

**ဖေဖော်ဝါရီလ၏ အေးမြသော နံနက်ခင်းတစ်ခုတွင် ပြည်သူတို့သည် နှစ်စဉ်နှစ်တိုင်း ထူးမြတ်သည့်နေ့ တစ်နေ့ကို ကြိုဆိုကြသည်။ ပြည်ထောင်စုနေ့ ဟူသည့် ဤအမည်ကပင် သမိုင်းဝင်လေးနက်သည့် နေ့အဖြစ်တစ်နိုင်ငံလုံးက ခံယူကြသည်။ ပြည်ထောင်စုနေ့တွင်ချမှတ်ခဲ့သည့် ကတိသန္ဓိဋ္ဌာန်နှင့် နိုင်ငံ၏ မျှော်လင့်ချက်တို့မှာ ၇၉ နှစ်တိုင် ရှင်သန်နေဆဲ ဖြစ်ပါသည်။**

### သမိုင်းထဲက ပင်လုံ

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ။ ပင်လုံမြို့ငယ်လေးတွင် မျိုးနွယ်စုပေါင်းစုံမှ ခေါင်းဆောင်များ စုဝေးခဲ့ကြဖူးသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ မျက်လုံးအိမ်တို့တွင် စိတ်အားထက်သန်မှုနှင့် စိုးရိမ်မှုတို့ ရောနှောနေမည်ဟု စိတ်မှန်းဖြင့် မြင်ယောင်မိသည်။ စဝ်ရွှေသိုက်၏ မျက်နှာသွင်ပြင်ပေါ်တွင် ရှမ်းပြည်နယ်၏ ဂုဏ်သိက္ခာအတွက် တာဝန်ကြီးမားစွာ ခံစားရပုံကို သမိုင်းဝင်ပင်လုံပန်းချီကားအချို့၌ မြင်တွေ့ရသည်။ ပင်လုံအစည်းအဝေးသည် ရိုးရိုးအစည်းအဝေးတစ်ခုမဟုတ်၊ ဤနေရာတွင် လွတ်လပ်ရေးအတွက်သာမက ပိုကြီးမားသည့် ပြည်ထောင်စုဟူသည့် စည်းလုံးညီညွတ်ခြင်းအတွက် ဆွေးနွေးနေကြခြင်းဖြစ်သည်။ နိုင်ငံတစ်ခု၏ ပကတိပုံသဏ္ဌာန်ကို ပြောင်းလဲစေမည့် ဆုံးဖြတ်ချက်များကို သဘောတူချမှတ်ခဲ့ခြင်းက ပြည်ထောင်စုနေ့၏ အတိတ်သမိုင်းရက်စွဲဖြစ်လာသည်။

အတိအကျဆိုရလျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ပင်လုံသို့ ရောက်ရှိခဲ့သည်။ ဗိုလ်ချုပ်နှင့်အတူ ဦးအောင်ဇေယျ၊ သခင်ထွန်းအုပ်၊ မန်းဘခိုင်၊ ဒီးဒုတ်ဦးဘချိုတို့ လိုက်ပါလာခဲ့သည်။ ရှမ်းတိုင်းရင်းသားများဘက်မှ စဝ်ရွှေသိုက်၊ စဝ်ခွန်ချို၊ စဝ်စံထွန်း၊ စဝ်ခွန်ပန်းစိန် စသည့်စော်ဘွားကြီးများနှင့် ကိုယ်စားလှယ်များပါဝင်ခဲ့သည်။ ကချင်တိုင်းရင်းသားများဘက်မှ ဆမားဒူးဝါးဆင်ဝါးနော်၊ ဆမားဦးလှဖေ၊ ဒူဝါဇော်ဝမ်း၊ ဒူဝါဇော်လွန်းတို့ တက်ရောက်ခဲ့သည်။ ချင်းဘက်မှ ဦးဝမ်းကောင်း (အမှတ် ၂ ချင်းတောင်တန်းခရိုင်)နှင့် ဦးဟာလ်ခွန်း (ဖလမ်းခရိုင်) စသူတို့ တက်ရောက်ကြသည်။

အစည်းအဝေးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည်။ ပထမဆုံးနေ့များတွင် အခက်အခဲများစွာရှိခဲ့သည်။ ရှမ်းစော်ဘွားကြီးများသည် လွတ်လပ်ရေးရပြီးနောက် ၎င်းတို့၏ အခွင့်အရေးများဆုံးရှုံးမည်ကို စိုးရိမ်နေကြသည်။ ကချင်ခေါင်းဆောင်များကလည်း ဗမာမဟုတ်သော တိုင်းရင်းသားများ၏ အခွင့်အရေးများကို အာမခံချက်ရရှိရန်လိုအပ်ကြောင်း ပြောဆိုခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက ဆွေးနွေးညှိနှိုင်းသည်၊ ကတိကဝတ်ပြုတန်ရာပြုသည်၊ နှစ်သိမ့်ဆွေးနွေးသည်။

ထိုသို့ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် ညနေပိုင်းတွင် သမိုင်းဝင်ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ စာချုပ်တွင် အဓိကအချက် (၁၂) ချက်ပါဝင်ခဲ့သည်။ အဓိကအချက်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ တန်းတူညီမျှမှုတို့ ထည့်သွင်းထားသည်။

**"ကျွန်တော်တို့ ကွဲပြားခြင်းကို ပြောနေလို့ မရဘူး။ ဘယ်လိုအတူတကွနေထိုင်မလဲ ဆိုတာကိုပဲ စဉ်းစားရမယ်"**ဟု ဗိုလ်ချုပ်အောင်ဆန်းက ဆိုခဲ့သည်။ ပင်လုံစာချုပ်၏ အနှစ်သာရစကားအဖြစ် တိုင်းရင်းသားတို့ စိတ်ဝယ်စွဲမြဲစေသည့် စကားရပ်ဖြစ်ခဲ့သည်။ ဘိုးဘေးတို့၏ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှု၊ လေးစားမှု၊ ဉာဏ်ပညာကြီးမားခဲ့မှုကြောင့် အပြည်ပြည်အထောင်ထောင် ကွဲပြားမနေသည့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးစုစည်းနေထိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ရပ်တည်နေနိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် လွတ်လပ်ရေးရရှိပြီးသောအခါ မတူကွဲပြားမှုတို့ကို အရင်းခံကာ လူမျိုးစွဲ၊ ဝါဒစွဲတို့ဖြင့် ပဋိပက္ခမီးတို့ မငြိမ်းသတ်နိုင်သေး။

ထိုအကြောင်းစဉ်းစားရင်း စာရေးဆရာ မင်းသုဝဏ်၏စကားကို သတိရမိသည်။ **"သမိုင်းဆိုတာ အတိတ်ကိုပြောတာမဟုတ်၊ အနာဂတ်ကို ညွှန်ပြတာပါ"**ဟု ဆရာမင်းသုဝဏ်က တင်စားခဲ့သည်။ ထို့အတူ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက **"ပင်လုံစာချုပ်သည် ကောင်းမွန်တဲ့အနာဂတ်ကို စတင်ခြင်းဖြစ်ပြီး လမ်းဆုံးမဟုတ်"**ဟု ဆိုခဲ့သည်။ ပင်လုံစာချုပ်သည် သမိုင်းဝင်စာရွက်တစ်ရွက် ထက်ပိုတန်ဖိုးရှိပြီး ကျွန်ုပ်တို့ နိုင်ငံသူ နိုင်ငံသားအားလုံးအတွက် အနာဂတ်မြေပုံတစ်ခုပင်ဖြစ်သည်။

ပြည်ထောင်စုနေ့နှင့် ပင်လုံစာချုပ်တို့သည် မတူကွဲပြားသည့်ကြားက ညီညွတ်ခြင်းကို ဖော်ဆောင်ရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ပြီး တောင်တန်းများသည် ပြည်မနှင့် တန်းတူညီမျှစေဖို့ ကြိုးပမ်းခြင်း၊ အေးအတူပူအမျှ အတူတကွဟူသည့် စိတ်ဓာတ်၏ မျိုးစေ့တစ်စေ့ပင်ဖြစ်ပါသည်။ ကိုလိုနီတို့၏သွေးခွဲအုပ်ချုပ်ရေးကြောင့် သံသယများနှင့် ရှေ့တိုးရန် ခက်ခဲသည့် ညီညွတ်ရေးတို့မှာ ပင်လုံစာချုပ်နှင့် သမိုင်းဝင်ပြည်ထောင်စုနေ့တွင် ချိုးဖျက်နိုင်ခဲ့ကြပြီး အတူတကွ ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ကျူးနိုင်ခဲ့သည်။

### ပြည်ထောင်စုနေ့ဝိသေသ

ပြည်ထောင်စုနေ့အခမ်းအနားများကို နှစ်စဉ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပသည်။ ပြည်ထောင်စုနေ့သည် ရိုးရာအထိမ်းအမှတ်နေ့ထူး နေ့မြတ်တစ်ခုထက် ပိုမိုနက်ရှိုင်းသည့်လက္ခဏာတို့ ပါရှိသည်။ ကျွန်ုပ်တို့၏ ပြည်ထောင်စုဟူသည့် နိုင်ငံတော် ဝိသေသလက္ခဏာများကို နှစ်စဉ် ပြန်လည်အတည်ပြုခြင်းဟု မှတ်ယူကြပြီး မြန်မာနိုင်ငံသည် လူမျိုးတစ်မျိုးတည်း၏ နိုင်ငံမဟုတ်၊ လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ၊ ဘာသာစကားပေါင်းစုံပါဝင်သော ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း သတိရစေသည်။

> **"ပြည်ထောင်စုနေ့သည် ၁၉၄၇ ခုနှစ်က ချမှတ်ခဲ့သော ကတိကို ဂုဏ်ပြုခြင်းသာမက နောင်မျိုးဆက်များအတွက် ငြိမ်းချမ်းပြီး တရားမျှတသော ပြည်ထောင်စုကြီး တည်ဆောက်ရန် ဆက်လက်ကြိုးပမ်းရမည့် တာဝန်ကိုလည်း သတိပေးတပ်လှန့်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။ ပြည်ထောင်စုနေ့သည် သမိုင်းမှတ်တိုင်တစ်ခုသာမက အနာဂတ်အတွက် မြေပုံတစ်ခုလည်းဖြစ်သည်။ ဤမြေပုံပေါ်တွင် ကျွန်ုပ်တို့သည် မည်သည့်လမ်းကြောင်းကို ရွေးချယ်မည်နည်း။ ဤမေးခွန်းကို ဖြေဆိုရမည့်သူများမှာ ကျွန်ုပ်တို့ကိုယ်တိုင်ပင်။ ပြည်သူအားလုံး နှလုံးသားအတွင်း အပြန်အလှန်လေးစားမှုဟူသည့် "ပင်လုံစိတ်ဓာတ်" အစစ်အမှန်ရှိနေရန် ဖြည့်ဆည်းကြရမည်။ ပင်လုံစာချုပ်လက်မှတ်ရေးထိုးသည့်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းက "ကျနော်တို့လက်တွဲဖို့ ဆုံးဖြတ်ခဲ့ပြီ" ဟု ဆိုခဲ့သည်"**

ရှမ်းအဘွားအိုတစ်ဦးပြောသည့် ပုံပြင်ကို နားထောင်ရင်း ကချင်လူငယ်တစ်ဦး၏တေးသံကို ခံစားကြမည်။ ရခိုင်တိုင်းရင်းသားတစ်ဦး၏ စိုးရိမ်မှုကို ဖြေဖျောက်ပေးနိုင်ကြရမည်။ စည်းလုံးခြင်းသည် အတူတူပြောဆိုခြင်းမဟုတ်၊ အချင်းချင်းနားလည်ခြင်းဖြစ်ကြောင်း မိမိတို့ဘိုးဘွားများက ပင်လုံစာချုပ်ဖြင့် သက်သေပြခဲ့ကြသည်ကို သတိပြုကြရမည်။ ထို့အတူ ဗမာစကားကို ရှမ်းရွာများတွင် သင်ကြားပေးနေသူ ဆရာမလေးများ၊ ကရင်ရိုးရာဖားစည်အကကို ရောဝတီမြစ်ဝှမ်းက ကလေးများဆီ ပို့ဆောင်ပေးကြသည့် အနုပညာရှင်များနှင့် မြင့်မားလာသည့် သိပ္ပံနှင့် နည်းပညာစာအုပ်များကို မွန်ဘာသာသို့ ပြန်ဆိုပေးသည့် ပညာရှင်များ စသူတို့မှာ စည်းလုံးခြင်းအတွက် အုတ်မြစ်ချသူများပင်ဖြစ်သည်။

### လက်တွေ့လုပ်ဆောင်ရင်း အဓိပ္ပာယ်ရှိစွာ ဖြတ်သန်း

၂၀၂၆ ခုနှစ် ပြည်ထောင်စုနေ့တွင် ကျွန်ုပ်တို့ မည်သည့်အရာများ မျှော်လင့်ထားနိုင်မလဲ။ **"ပြည်ထောင်စုစိတ်ဓာတ်"**ကို လက်တွေ့အသက်သွင်းနိုင်စေရန် ကြိုးပမ်းအားထုတ်သင့်ကြပြီ။ တိုင်းရင်းသားလူငယ်များ အတူတကွ စိုက်ပျိုးရေးစီမံကိန်းများစတင်ခြင်း၊ နည်းပညာများလေ့လာခြင်းနှင့် အတူတကွ သဘာဝပတ်ဝန်းကျင်ကို စောင့်ရှောက်ခြင်း စသည်စသည်ဖြင့် လက်တွေ့ကျကျ စည်းလုံးကြည့်စေလိုပါသည်။

တိုင်းရင်းသားပေါင်းစုံ လူမျိုးပေါင်းစုံ နားလည်လက်ခံနိုင်မည့် ပြည်ထောင်စုဖြစ်နိုင်ရေးအတွက် လူမျိုးစုတို့၏ ဘာသာစကား၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို အပြန်အလှန် အသိအမှတ်ပြုကြရမည်။ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့တွင် မည်သူမဆို ဒေသမရွေး၊ လူမျိုးမရွေး ရယူပိုင်ခွင့်ကို ကူညီအားပေးကြရမည်။ မျိုးချစ်စိတ်သည် မိမိလူမျိုးကို ချစ်ရုံမျှဖြင့်မပြီး၊ မိမိလူမျိုးနှင့်အတူ နေထိုင်သည့် အခြားမျိုးနွယ်စုများအားလုံးအပေါ် လေးစားတတ်ခြင်းပင်။

### စိန်ခေါ်မှုများနှင့် အနာဂတ်လမ်းကြောင်း

ယနေ့ခေတ် ပြည်ထောင်စုနေ့သည် ပြည်သူများအတွက် အမေးပုစ္ဆာတို့ဖြင့် ပြည့်နှက်နေသည်။ ပင်လုံစိတ်ဓာတ် ပြန်လည်ရှင်သန်ဖို့ကြိုးစားနိုင်ကြမည်လား။ လက်ရှိ နိုင်ငံရေးပဋိပက္ခများ၊ ပြည်တွင်းမတည်ငြိမ်မှုများထဲတွင် စစ်မှန်သည့် ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးကို မည်သို့ထူထောင်မည်နည်း။ လွယ်ကူသည့်အလုပ်တော့မဟုတ်ပါ။ သို့သော် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တိုင်းရင်းသားတို့အသံ စုစည်းကာ ပင်လုံစာချုပ်ကို အောင်အောင်မြင်မြင် ချုပ်ဆိုပြသနိုင်ခဲ့ခြင်းဖြင့် သက်သေပြထားခဲ့ပြီးဖြစ်ပါသည်။

၂၀၂၅ ခုနှစ် ပြည်ထောင်စုနေ့အခမ်းအနားတွင် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **"နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများကို လေးစားလိုက်နာလျက် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်ကြရန် လိုအပ်ပါသည်"** ဟု ပြောကြားခဲ့ဖူးသည်။ ထို့အပြင် ယာယီသမ္မတက ပြည်ထောင်စုကြီးမပြိုကွဲရေးကာကွယ်ရန်မှာ အားလုံး၏တာဝန်ဖြစ်ကြောင်း၊ တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုတည်ဆောက်ရန်လိုအပ်ကြောင်း၊ ပင်လုံစာချုပ်သည် စည်းလုံးညီညွတ်ရေး၏ သမိုင်းဝင်လက်ဆောင်ဖြစ်ကြောင်းနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်း အတည်ပြုပြောကြားခဲ့သည်။

လက်ရှိတွင် မိမိတို့လျှောက်လှမ်းခဲ့သည့် ရွေးကောက်ပွဲလမ်းကြောင်းသည် ပြည်ထောင်စုစိတ်ဓာတ် ပြန်လည်ရှင်သန်မွေးဖွားနိုင်ရေးအတွက် အလားအလာကောင်းတစ်ခုအဖြစ် ပြည်သူများက မျှော်မှန်းကြသည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှ ပြည်ထောင်စုအတွက် အားလုံးပါဝင်သော အမျိုးသားရေးစကားဝိုင်းကြီးကို လွှတ်တော်အသီးသီးတွင် ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာစေမည့် အခွင့်အရေးပင်ဖြစ်သည်။ ရွေးကောက်ပွဲသည် ရည်မှန်းချက်၏ ခရီးတစ်ထောက်ပင်။ ထိုရွေးကောက်ပွဲမှသည် တိုင်းရင်းသားအားလုံးက တန်းတူအသိအမှတ်ပြုသော နိုင်ငံရေးစနစ်သစ်တစ်ခုဆီ စစ်မှန်သော အပြောင်းအလဲဖြင့် ဦးတည်ရှေးရှုကြရမည်။

### ခေတ်သစ်ပင်လုံသမိုင်းကို ရေးထိုးကြမည့်သူများ

တူညီသော ဖက်ဒရယ်ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရန်ဆိုသည်မှာ အလွန်နက်ရှိုင်းသော ယုံကြည်မှုကို ပြန်လည်တည်ဆောက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ လက်နက်များ ဆိတ်သုဉ်းရန်၊ အမုန်းစကားများ ရပ်တန့်ရန်မလုံလောက်သေး။ လက်တွေ့ကျသော စီမံကိန်းများ၊ ရေရှည်တည်တံ့သော ပူးပေါင်းဆောင်ရွက်မှုများနှင့် အပြန်အလှန်လေးစားမှုအပေါ် အခြေခံသည့် နိုင်ငံရေးစနစ်တစ်ခု ကျွမ်းဝင်ရန် လိုအပ်သည်။ ပင်လုံညီလာခံသည် လူကြီးများ၏အစည်းအဝေးသာ ဖြစ်သော်လည်း ယခုအခါ လူငယ်များ၏အသံဖြင့် ခေတ်သစ်ပင်လုံသမိုင်းကို ရေးထိုးကြရန်လိုအပ်သည်။

မည်သည့်လူမျိုးမဆို မိမိ၏သမိုင်းကို ဂုဏ်ယူစွာ ထိန်းသိမ်းခွင့်၊ မိမိ၏အနာဂတ်ကို မိမိကိုယ်တိုင် ဆုံးဖြတ်ခွင့်ရှိသော စနစ်တစ်ခုကို အားလုံးက လက်ခံနိုင်ပါမှသာ ရွေးကောက်ပွဲ၏ အောင်မြင်မှုသည် အဓိပ္ပာယ်ပြည့်စုံမည်ဖြစ်ရာ လက်ရှိအချိန်သည် စိတ်ကူးယဉ်ချိန် မဟုတ်တော့။ လက်တွေ့ကျသော မျှော်မှန်းချက်များဖြင့် အတူတကွ လျှောက်လှမ်းရမည့်အချိန်ဖြစ်သည်။ စစ်မှန်သော ပြည်ထောင်စုကို

*စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အလုပ်သမားဈေးကွက်ညီလာခံ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၂၉**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့၌ ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပခဲ့သည့် ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အလုပ်သမားဈေးကွက်ညီလာခံ (Global Labour Market Conference 2026) သို့ တက်ရောက်ပြီး ယမန်နေ့က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အလုပ်သမားဈေးကွက်ညီလာခံကို ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားဈေးကွက်တွင် ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းရန်နှင့် အနာဂတ်အတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရန်အတွက်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ညီလာခံ၏ ပထမပိုင်းအစီအစဉ်ကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ရီယာဒ်မြို့ Ritz–Carlton ဟိုတယ်အစည်းအဝေးခန်းမ၌ စတင်ကျင်းပရာ ဆော်ဒီအာရေဗျနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Ahmad bin Sulaiman Al–Rajhi က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲကို "From Policy to Practice: Opening Immediate Pathways to Work Amid Rapid Change" ခေါင်းစဉ်ဖြင့်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာလုံးဆိုင်ရာ အလုပ်သမားဈေးကွက်ညီလာခံကို ၂၀၂၃ ခုနှစ်တွင် လူငယ်များကို နည်းပညာအတွက် ပြင်ဆင်ပေးရန် စတင်ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၂၅ ခုနှစ် ညီလာခံတွင် ထိရောက်သည့် လုပ်ဆောင်ချက် (၈) ရပ်ကို ချမှတ်နိုင်ခဲ့သည်ကို သိရှိရပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စိန်ခေါ်မှုမှာ အနာဂတ် စီမံကိန်းချမှတ်နေရန်သာမဟုတ်တော့ဘဲ တိုးတက်ပြောင်းလဲလာသည့် အလိုအလျောက်စနစ်များ၊ ရာသီဥတုပြောင်းလဲမှုများနှင့် စီးပွားရေးဖိအားများကို လက်တွေ့ကျကျ တုံ့ပြန်နိုင်မည့် ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူဝါဒများကိုလက်တွေ့အဖြစ်ပြောင်းလဲရန် အောက်ပါအဓိကနယ်ပယ် လေးခုကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမဦးစွာ အလုပ်အကိုင်အခွင့်အလမ်းများကို လူတိုင်းလက်လှမ်းမီပါဝင်လာစေရန် စနစ်တကျ စုစည်းထားမှုမရှိသောကဏ္ဍ (Informal Sector) မှ စီးပွားရေးလုပ်ငန်းများကို စနစ်တကျစုစည်းမှတ်ပုံတင်ထားသောကဏ္ဍ (Formal Sector) သို့ ပြောင်းလဲနိုင်ရေး ကြိုးပမ်းလျက်ရှိပါကြောင်း။

ဒုတိယအနေဖြင့် လုပ်သားများအား မှန်ကန်သော ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority–NSSA) ၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစံများရေးဆွဲခြင်းနှင့် Recognition of Prior Learning (RPL) စနစ်အရ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တတိယအနေဖြင့် လိုက်လျောညီထွေမှုရှိသော လုပ်သားဈေးကွက်များကို ပျိုးထောင်ပေးနိုင်ရေးအတွက် မူဝါဒများဟန်ချက်ညီစေရန် ဆောင်ရွက်နေပါကြောင်း။

စတုတ္ထအနေဖြင့် နည်းပညာနှင့် အချက်အလက်များကို ထိရောက်စွာ အသုံးချနိုင်ရန်အတွက် နယ်စပ်ဖြတ်ကျော် အလုပ်သမားလိုအပ်ချက်နှင့် ထောက်ပံ့မှုကိုချိတ်ဆက်ရန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံအများအပြားပူးပေါင်းဆောင်ရွက်မှုမူဘောင်များကို ပိုမိုခိုင်မာအောင် ချမှတ်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤသို့ဆောင်ရွက်ရာတွင် မဖြစ်မနေလိုအပ်မည့် အခြေခံဒစ်ဂျစ်တယ်ကျွမ်းကျင်မှု (Digital literacy) ကို ဦးစားပေးတစ်ရပ်အဖြစ် ထည့်သွင်းသွားမည်ဖြစ်ပြီး ပြည်ပတွင် အလုပ်လုပ်ကိုင်ပြီး ပြန်လည်ရောက်ရှိလာသောလုပ်သားများအနေဖြင့်လည်း ၎င်းတို့ရရှိခဲ့သည့် အတွေ့အကြုံနှင့် နည်းပညာများကို နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြန်လည်အသုံးချနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် Brain Drain အခြေအနေမှ Brain Gain ဖြစ်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် "မူဝါဒများမှ လက်တွေ့ဆီသို့ အတူတကွ လျှောက်လှမ်းကြပါစို့" ဟု တိုက်တွန်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် နိုင်ငံပေါင်း ၄၀ မှ အလုပ်သမားရေးရာဝန်ကြီးများက အသီးသီးဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရီယာဒ်မြို့ King Abdulaziz International Conference Center ရှိ အထွေထွေညီလာခံခန်းမတွင် ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အလုပ်သမားဈေးကွက် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး H.E. Ahmed bin Sulaiman Al–Rajhi မှ ဧည့်ခံသော ယဉ်ကျေးမှုပြပွဲနှင့် ညစာစားပွဲသို့ တက်ရောက်သည်။

ဇန်နဝါရီ ၂၇ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ဆော်ဒီအာရေဗျနိုင်ငံ၊ General Supervisory Executive for Domestic Services Sector မှ Mr. Abdulwahab Alageel နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဆော်ဒီအာရေဗျနိုင်ငံ၏ အလုပ်သမား ဈေးကွက်အတွက် လုပ်ငန်းခွင်ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ကျွမ်းကျင်မှုနှင့် လေ့ကျင့်ရေး ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားလုပ်သား အသုံးချမှုမြှင့်တင်ရေးနှင့် စီမံခန့်ခွဲမှုအမြင့်ဆုံးအဆင့် ကဏ္ဍများအတွက် ထူးချွန်သောပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကို Labour Award ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အလုပ်သမားဈေးကွက်ညီလာခံသို့ နိုင်ငံပေါင်း ၄၀ မှ အလုပ်သမားရေးရာဝန်ကြီးများ၊ ILO၊ World Bank၊ နိုင်ငံတကာသံရုံးအသီးသီးမှ ကိုယ်စားလှယ်များ၊ အစိုးရဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကမ္ဘာကျော် နည်းပညာကုမ္ပဏီကြီးများမှ CEO များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ချောက်မြို့နယ်၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းဆိုင်ရာအသိပေး

**ချောက် ဇန်နဝါရီ ၂၉**

နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့် ဒေသများတွင် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အသိပေးဆွေးနွေးခြင်း အခမ်းအနားကို ယမန်နေ့က မြို့နယ်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာ မျိုးသက်ဦးက ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

အခမ်းအနားသို့ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

ပြည်သူအားလုံး၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို အသိအမှတ်ပြုသော နိုင်ငံရေးယဉ်ကျေးမှု တည်ဆောက်ခြင်းဖြင့် သက်သေပြကြပါစို့။

တိုင်းရင်းသားအားလုံးအတွက် တန်းတူညီမျှသော ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးမှာ အစိုးရ၏တာဝန်သာမက လူ့အဖွဲ့အစည်းအားလုံး၏ တာဝန်လည်းဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ကွာခြားချက်မရှိ၊ မြို့နှင့် ကျေးရွာ ခြားနားချက်မရှိ၊ လူမျိုးဘာသာမရွေး သားသမီးအားလုံး အရည်အချင်းပေါ် အခြေခံသော ပညာသင်ယူခွင့်၊ အခြေခံအကျဆုံး အခွင့်အရေးဖြစ်သည့် ဆင်းရဲချမ်းသာမရွေး လူတိုင်းဆေးကုသခွင့် စသည်တို့ကို ဖြည့်စွမ်းကြရမည့် အချိန်ဖြစ်ပါသည်။

ပြည်ထောင်စု၏ အနှစ်သာရကို လူငယ်များ သိရှိစေရန်မှာ အတိတ်သမိုင်းကို ပြန်လည်ဖော်ထုတ်သည်နှင့်အတူ အနာဂတ်အတွက် မျှော်မှန်းချက်များကို အတူတကွတည်ဆောက်ကြသင့်သည်။ ငြိမ်းချမ်းခြင်းနှင့် တရားဥပဒေစိုးမိုးခြင်း၏ အကျိုးဆက်များကို စာသင်ခန်းထဲတွင်သာမဟုတ် လက်တွေ့ဘဝတွင် ခံစားသိရှိခွင့်ဖြင့် လူငယ်များ ပိုမိုနားလည်လာနိုင်ပါလိမ့်မည်။

တိုင်းရင်းသားအချင်းချင်း အပြစ်တင်စွပ်စွဲကာ ပဋိပက္ခဖြစ်စဉ်များမှ အမုန်းတရားကို ဖြေဖျောက်ရန်အတွက် ပထမဆုံးလုပ်ရမည့်အရာမှာ နားလည်မှုလွဲမှားစေသည့် အကြောင်းရင်းများကို ဖယ်ရှားရန်ဖြစ်သည်။ ယဉ်ကျေးမှုများကို ဂုဏ်ပြုအသိအမှတ်ပြုခြင်းဖြင့်၊ တန်းတူညီမျှမှုကို အားပေးခြင်းဖြင့် အမုန်းတရားကို အမြစ်ဖြတ်ကြရမည်။

လမ်းမှားသို့ရောက်ရှိနေသော လူငယ်များအတွက်မူ ပြစ်တင်ရှုတ်ချခြင်းထက် ပြန်လည်ဝင်ဆံ့ရန် အခွင့်အလမ်းများ ဖန်တီးပေးရမည်။ ပညာရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် စိတ်ကျန်းမာရေးပံ့ပိုးမှုများသည် သူတို့၏ဘဝကို ပြန်လည်ပုံဖော်နိုင်ရန် အဓိကသော့ချက်များဖြစ်သည်။ လူငယ်တိုင်းသည် နိုင်ငံတည်ဆောက်ရေးအတွက် တန်ဖိုးရှိသော လူသားအရင်းအမြစ်များဖြစ်ပြီး သူတို့၏စွမ်းအားကို ဖျက်ဆီးရန် အသုံးပြုမည့်အစား ဖန်တီးမှုအတွက် လမ်းညွှန်ပေးနိုင်ပါက ပြည်ထောင်စုကြီး ပိုမိုသန်မာလာမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

### ပြည်ထောင်စုနေ့အတွက် ကတိကဝတ်

ပြည်ထောင်စုနေ့၏ အဓိပ္ပာယ်မှာ "**မတူကွဲပြားခြင်းအတွင်းမှ ညီညွတ်ခြင်း**" (Unity in Diversity) ဖြစ်သည်။ ဤသည်မှာ လွယ်ကူသောတာဝန်မဟုတ်။ စိတ်ရှည်သည်းခံမှု၊ နားလည်မှုနှင့် အပြန်အလှန်လေးစားမှုတို့ဖြင့် ပြည်ထောင်စုသည် "**အတင်းအကျပ် ပေါင်းစည်းထားခြင်းမဟုတ်ဘဲ မတူကွဲပြားမှုများကို တန်ဖိုးထားလက်တွဲခြင်း**"တို့ဖြင့် ဝိုင်းဝန်းတည်ဆောက်ကြရမည်။ ကျွန်ုပ်တို့အားလုံး မတူညီသည့် စကားလုံးများဖြင့် အတူတူငြိမ်းချမ်းရေးသီချင်းသီဆိုတတ်ကြရန် လိုအပ်ပါသည်။

**ပြည်ထောင်စုနေ့သည် ၁၉၄၇ ခုနှစ်က ချမှတ်ခဲ့သော ကတိကို ဂုဏ်ပြုခြင်းသာမက နောင်မျိုးဆက်များအတွက် ငြိမ်းချမ်းပြီး တရားမျှတသော ပြည်ထောင်စုကြီး တည်ဆောက်ရန် ဆက်လက်ကြိုးပမ်းရမည့် တာဝန်ကိုလည်း သတိပေးတပ်လှန့်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။ ပြည်ထောင်စုနေ့သည် သမိုင်းမှတ်တိုင်တစ်ခုသာမက အနာဂတ်အတွက် မြေပုံတစ်ခုလည်းဖြစ်သည်။ ဤမြေပုံပေါ်တွင် ကျွန်ုပ်တို့သည် မည်သည့်လမ်းကြောင်းကို ရွေးချယ်မည်နည်း။ ဤမေးခွန်းကို ဖြေဆိုရမည့်သူများမှာ ကျွန်ုပ်တို့ကိုယ်တိုင်ပင်။ ပြည်သူအားလုံးနှလုံးသားအတွင်း အပြန်အလှန် လေးစားမှုဟူသည့် "ပင်လုံစိတ်ဓာတ်" အစစ်အမှန်ရှိနေရန် ဖြည့်ဆည်းကြရမည်။ ပင်လုံစာချုပ်လက်မှတ်ရေးထိုးသည့်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းက "ကျနော်တို့ လက်တွဲဖို့ ဆုံးဖြတ်ခဲ့ပြီ"ဟု ဆိုခဲ့သည်။**

ယခုရော ကျွန်ုပ်တို့ ဘယ်လောက်ထိမြန်မြန် လက်ချင်းတွဲကာ အခက်အခဲများကို ကျော်လွှားနိုင်မလဲဆိုသည်မှာ ကျွန်ုပ်တို့ပြည်သူတစ်ဦးတစ်ယောက်ချင်းစီ၏ စွမ်းပကားနှင့် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်အပေါ်တွင် မှီတည်နေပါကြောင်း နှီးဆော်ရင်း (၇၉) နှစ်ပြည့် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါတော့သည်။ ။

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်( ၂၅ / ၂၀၂၆ )**
၁၃၈၇ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်း ကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉ (ခ) နှင့် အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| ( ၁ ) | ဦးနော်တောင် | ၁/မကန(နိုင်)၀၃၄၅၁၆ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၂ ) | ဦးစိန်ဝင်းထွန်း | ၁/မညန(နိုင်)၀၁၈၀၉၆ | အမှတ်(၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကချင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂)** | | | | |
| ( ၃ ) | ဦးဇုန်းလုတ် | ၁/မကန(နိုင်)၀၇၄၉၀၆ | အမှတ်(၉) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၄ ) | ဦးအောင်ဆန်းထူး | ၁/ဗမန(နိုင်)၀၅၁၃၉၄ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၅ ) | ဦးစိန်လွင်ဦး | ၁/မညန(နိုင်)၀၀၄၀၉၆ | အမှတ်(၁၁) | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| ( ၆ ) | ဒေါက်တာ မနာမ်တူးဂျာ | ၁/မကန(နိုင်)၁၁၉၂၈၆ | အမှတ်(၁၂) | ကချင်ပြည်နယ်ပြည်သူ့ပါတီ |
| **ကရင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| ( ၇ ) | ဦးအောင်သိန်းဝင်း | ၃/ကကရ(နိုင်)၀၀၀၇၁၆ | အမှတ်( ၁ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၈ ) | ဦးဟန်လင်းထွန်း | ၃/ကဆက(နိုင်)၀၄၀၃၁၂ | အမှတ်( ၂ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁)** | | | | |
| ( ၉ ) | ဦးစောနေလင်းအောင် | ၃/ဘအန(နိုင်)၂၂၃၂၁၃ | အမှတ်( ၇ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးချစ်ဝေ | ၃/ဘအန(နိုင်)၀၂၀၇၀၅ | အမှတ်( ၈ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | စောမြတ်ထွဋ်ဝင်း (ခ)ကိုဆို | ၃/ကကရ(နိုင်)၀၁၁၂၁၁ | အမှတ်( ၉ ) | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ |
| (၁၂) | နန်းစောစောမွန် | ၃/ဘအန(နိုင်) ၀၈၃၇၇၈ | အမှတ်(၁၀) | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ |
| (၁၃) | နော်ယုဇနဝါ | ၃/ဘအန(နိုင်)၀၀၄၇၀၆ | အမှတ်(၁၁) | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ |
| (၁၄) | ခွန်ဝင်းဦး | ၃/ဘအန(နိုင်)၀၁၇၁၆၄ | အမှတ်(၁၂) | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၅) | ဒေါ်ကျော့ယဉ်ဝင်း | ၅/ယမပ(နိုင်)၀၃၄၂၆၁ | အမှတ်( ၃ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်( ၁ )** | | | | |
| (၁၆) | ဦးသိန်းလှိုင် | ၉/မခန(နိုင်)၀၀၇၅၇၈ | အမှတ်( ၇ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးကျော်ဇင်ထွန်း | ၅/ဟမလ(နိုင်)၀၇၁၂၅၃ | အမှတ်( ၈ ) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၈) | ဦးသန်းအောင် | ၆/ကစန(နိုင်)၀၃၀၆၁၃ | အမှတ်( ၂ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ဦးမောင်စိန် | ၆/ထဝန(နိုင်)၀၀၈၇၁၃ | အမှတ်( ၃ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးမိုးမြင့် | ၆/မအရ(နိုင်)၀၀၉၄၅၉ | အမှတ်( ၅ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)** | | | | |
| (၂၁) | ဦးယုနိုင် | ၃/ဘအန(နိုင်)၀၁၁၆၄၉ | အမှတ်( ၇ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | ဦးတင်မောင်ဝင်း | ၆/ပလန(နိုင်)၀၀၁၉၈၁ | အမှတ်( ၈ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဦးညဏ်ထွန်း | ၆/ကစန(နိုင်)၀၂၃၇၅၁ | အမှတ်( ၉ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဦးသန်းအေး(ခ) ဦးတင်ဦး | ၆/ထဝန(နိုင်)၀၇၆၉၃၁ | အမှတ်(၁၀) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၂၅) | ဦးစိုးကြည် | ၆/မမန(နိုင်)၁၃၆၈၈၃ | အမှတ်(၁၁) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၂၆) | ဦးဝေယံမျိုး | ၁၄/ဘကလ(နိုင်)၂၀၄၁၅၄ | အမှတ်(၁၂) | ပြည်သူ့ပါတီ |
| **ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၂၇) | ဦးအောင်စိုး | ၇/ပခန(နိုင်)၀၇၆၉၅၃ | အမှတ်( ၁ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | ဒေါ်နီနီမာ | ၇/တငန(နိုင်)၀၇၃၇၁၄ | အမှတ်( ၂ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ဒေါ်ထားထားနု | ၇/ပမန(နိုင်)၀၆၀၂၅၂ | အမှတ်( ၃ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၀) | ဦးရဲမြင့်ထွန်း | ၇/ပခန(နိုင်)၀၀၁၉၉၂ | အမှတ်( ၄ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးကျော်ဝင်းဦး | ၇/ပခန(နိုင်)၁၀၁၂၇၇ | အမှတ်( ၆ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်( ၁ )** | | | | |
| (၃၂) | ဦးဇင်မင်းထက် | ၉/မမန(နိုင်)၀၁၃၁၁၇ | အမှတ်( ၇ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃) | ဦးသိန်းဇော် | ၇/သဝတ(နိုင်)၀၀၆၁၉၂ | အမှတ်( ၈ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဦးသောင်းရွှေ | ၇/ပတတ(နိုင်)၀၅၁၉၆၂ | အမှတ်( ၉ ) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| **ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်( ၂ )** | | | | |
| (၃၅) | ဦးလှသိန်း | ၇/ပခန(နိုင်)၀၀၅၅၆၂ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၆) | ဦးဖြိုးဝေလင်း | ၇/ဒဥန(နိုင်)၁၄၇၀၅၂ | အမှတ်(၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးမင်းစိန် | ၇/ပခန(နိုင်)၀၁၃၂၁၆ | အမှတ်(၁၂) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၃၈) | ဦးခင်မောင်ဝင်း | ၉/ကဆန(နိုင်)၀၈၈၁၇၃ | အမှတ်( ၁ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၉) | ဦးဗိုလ်သိန်းနိုင် | ၉/မခန(နိုင်)၀၅၆၉၉၇ | အမှတ်( ၂ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဦးဟိန်းမင်းဦး | ၉/သစန(နိုင်)၁၀၁၀၁၅ | အမှတ်( ၃ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဦးဝင်းဖေမောင် | ၉/မနတ(နိုင်)၀၉၈၆၇၈ | အမှတ်( ၄ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၂) | ဦးမောင်မောင်မြင့် | ၁၂/တမန(နိုင်)၀၅၄၂၅၇ | အမှတ်( ၅ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်( ၁ )** | | | | |
ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အစည်းအဝေး ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ ခွေးရူးရောဂါဖြစ်ပွားမှုအခြေအနေနှင့် ကာကွယ်ဆေးထိုးနှံနေမှုအခြေအနေ၊ ပဏာမလုပ်ငန်းညှိနှိုင်း အစည်းအဝေး ရလဒ်များ၊ ဆဲလ်ပျိုးခြင်း နည်းပညာဖြင့် ခွေးရူးရောဂါကာကွယ်ဆေး ထုတ်လုပ်နိုင်မှု အခြေအနေ၊ ကြက်ဥပျိုးခြင်း နည်းပညာဖြင့် ခွေးရူးရောဂါ ကာကွယ်ဆေး ထုတ်လုပ်နိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသည့် ပညာရှင်များက အကြံပြုဆွေးနွေးကြသည်။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပရေး ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီ ပထမအကြိမ် အကြိုညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က ပြည်ထောင်စုနယ်မြေ နေပြည်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၄၃) အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပရေး၊ ပြခန်းနေရာချထားရေးနှင့် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့် ကော်မတီဝင်များ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြခန်းခင်းကျင်းပြသကြမည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် တိုင်းဒေသကြီး/ပြည်နယ် တာဝန်ခံများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးသိုက်စိုး အုတ်ကြွပ်အမိုးပြားများ ထုတ်လုပ်နိုင်ရေး လေ့လာကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၏ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ သွားရောက်ခဲ့သည့် ခရီးစဉ်တွင် ကျိုင်းတုံမြို့နယ်အတွင်းရှိ ဒေသထွက် အုတ်ကြွပ်အမိုးပြားလုပ်ငန်းများ အရည်အသွေးမြင့် စက်မှုကုန်ထုတ်လုပ်ငန်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။



အဆိုပါ လမ်းညွှန်မှာကြားချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးဦးဆောင်သောအဖွဲ့နှင့် စက်မှုဝန်ကြီးဌာန အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးဆောင်သော အဖွဲ့တို့သည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာအုပ်စု ရေတာရှည်ကျေးရွာရှိ စက်မှုဝန်ကြီးဌာန အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၃၂) အကြီးစားစက်ရုံသို့လည်းကောင်း၊ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ရှိ စက်မှုဝန်ကြီးဌာန အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၃၄) အကြီးစားစက်ရုံသို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် သာယာဝတီခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ဝန်ကြီးဌာနအောက် ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့်တွေ့ဆုံကာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့် ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ဝန်ထမ်းတစ်ဦးချင်း၏ အခက်အခဲများကို မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ သန္ဓေပင်ရပ်ကွက်ရှိ Natural Clay ကုမ္ပဏီလီမိတက်၏ အုတ်ကြွပ်အမိုးပြားစက်ရုံနှင့် ပဲခူးတိုင်းဒေသကြီး ဘုူးလယ်အင်းကျေးရွာရှိ ကိုဝေဇင်၏ တစ်နိုင်တစ်ပိုင် အုတ်ကြွပ်အမိုးပြားထုတ်လုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၉ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၆,၁၀၀,၀၀၀) ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

❖ *ကျောဖုံးမှ*

ပြိုင်ဘက်ကိုင်ရတ်အသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရှစ်ပွဲကစားပြီး နိုင်ပွဲရရှိထားခြင်းမရှိဘဲ တစ်ပွဲသရေနှင့် ၇ ပွဲအထိ ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ယခုနှစ်ရာသီ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အင်္ဂလန်ကိုယ်စားပြုအသင်းများဖြစ်သည့် အာဆင်နယ်၊ လီဗာပူး၊ စပါး၊ ချယ်ဆီး၊ မန်စီးတီးတို့ ၁၆ သင်းအဆင့်သို့ တိုက်ရိုက်တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ နာမည်ကြီး အသင်းများဖြစ်သည့် ရီးရဲမက်ဒရစ်၊ အင်တာမီလန်၊ ပီအက်စ်ဂျီ၊ ဂျူဗင်တပ်စ်၊ အက်သလက်တီကို မက်ဒရစ်စသည့် အသင်းများမှာ ၁၆ သင်းအဆင့်ကို တိုက်ရိုက်တက်လှမ်းခွင့် မရရှိခဲ့ဘဲ ရှုံးထွက်ယှဉ်ပြိုင်ကစားရဦးမည်ဖြစ်သည်။ **အောင်ဇော်**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၁၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၂၉**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ် ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျအပေါ် မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်း ဖြစ်ပေါ်မှုများအရ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ရန်ကုန် အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၁၅၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်း မြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယမန်နေ့က လယ်ဝေးမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်ရှိလမ်း၊ တံတားများပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုများနှင့် ပုဂ္ဂလိကဆေးခန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း (အင်ဘုမီးပွိုင့်မှဈေး မီးပွိုင့်အထိ ကွန်ကရစ်ချဲ့ခင်းခြင်း)၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား) မှ လမ်းတိုးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဗောဓိကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေး လမ်းဟောင်းကို ကျောက်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ အရည်အသွေး ပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးမှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာအနီး ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်တွင် ကျောက်ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့် တံတားပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ အရည်အသွေး ပြည့်မီရေး မှာကြားသည်။



**မြို့နယ်(ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှု ရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာ သမ္မတနိုင်ငံသံရုံးမှ Deputy Ambassador Mrs. Nancy Wanjiru Mwangi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံရုံးမှ Counsellor Mr. Vinsky Wattimena နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူ များ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံ ရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်း များကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခ ရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင် လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသမီးများအား တရားမဝင်လူကုန်ကူးမှု၊ သွေးဆောင်ဖြားယောင်းခိုးယူမှုများမှ ကာကွယ်ပေးရေးအသိပညာပေး

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်၌ အမျိုးသမီးများအား တရားမဝင်လူကုန်ကူးမှု၊ သွေးဆောင်ဖြားယောင်းခိုးယူမှုများမှ ကာကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အထက (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောက်တံတားခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောစု မြိုင်က အမှာစကားပြောကြားပြီးနောက် စာရေးဆရာမ ပေါက်ပေါက်က လုံခြုံတဲ့ဘဝသိက္ခာရှိတဲ့အနာဂတ်ခေါင်းစဉ်၊ အမှတ် (၆)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ရန်ကုန်) မှ ရဲအုပ်သန်းထွန်းနိုင်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား သည်။

ထို့နောက် လုံခြုံတဲ့ဘဝသိက္ခာရှိတဲ့ အနာဂတ်ခေါင်းစဉ်ဖြင့် ဟောပြောသည့် စာရေးဆရာမ ပေါက်ပေါက်နှင့် လူကုန်ကူးမှုတားဆီး နှိမ်နင်းရေး အသိပညာပေးဟောပြောသည့် ရဲအုပ်သန်းထွန်းနိုင်တို့အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## ဥတ္တရသီရိမြို့နယ်၌ အမျိုးသမီးတစ်ဦးကို အဓမ္မပြုကျင့် သတ်ဖြတ်ကာ ဆိုင်ကယ်နှင့် ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်ခဲ့မှုမှ ပြစ်မှုကျူးလွန်သူများနှင့် သက်သေခံပစ္စည်းများ ဖျောက်ဖျက်ရာတွင် ပါဝင်ကျူးလွန်သူများကို ဥတ္တရခရိုင်တရားရုံးမှ ပြစ်မှုထင်ရှားသဖြင့် ထိရောက်ပြစ်ဒဏ် အမိန့်များချမှတ်

**နေပြည်တော် ဇန်နဝါရီ ၂၉**

နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ အမျိုးသမီး တစ်ဦးကို အဓမ္မပြုကျင့်ပြီး သတ်ဖြတ်ကာ ဆိုင်ကယ်နှင့် ရွှေထည်ပစ္စည်းများ လုယက် ယူဆောင်ခဲ့မှုမှ ပြစ်မှုကျူးလွန်သူ များနှင့် သက်သေခံပစ္စည်းများ ဖျောက်ဖျက်ရာတွင် ပါဝင်ကျူးလွန် သူများကို ဇန်နဝါရီ ၂၈ ရက်တွင် ဥတ္တရခရိုင် တရားရုံးမှ ပြစ်မှု ထင်ရှားသဖြင့် ထိရောက်ပြစ်ဒဏ် အမိန့်များ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ ၂၀၂၅ ခုနှစ် ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ဥတ္တရသီရိမြို့နယ် မောင်းရမ်း အုပ်စု မောင်းရမ်းကျေးရွာနေ မအိအိငြိမ်း (၂၃) နှစ်သည် ၎င်း၏ နေအိမ်မှ ယောက္ခမဖြစ်သူ နေအိမ် သို့ တစ်ဦးတည်းဆိုင်ကယ်ဖြင့် ထွက်ခွာသွားခဲ့ရာ ညနေ ၆ နာရီခွဲ တွင် ဇလောင်းအုပ်စု ငန်းစပ် ကျေးရွာ၊ V 4 လမ်း၊ ရွှေနံ့သာသား သတ်ရုံ၊ မျက်စောင်းထိုးကားလမ်း အရှေ့ဘက်ခြမ်း ချုံတောအတွင်း၌ ဒဏ်ရာများဖြင့် သေဆုံးလျက် ပြန်လည်တွေ့ရှိရပြီး ၎င်း မောင်း နှင်သွားသည့် ဆိုင်ကယ်နှင့် ရွှေထည်ပစ္စည်းများ ပျောက်ဆုံးမှု ဖြစ်ပွားခဲ့သဖြင့် တောင်ညို နယ်မြေရဲစခန်း (ပ) အမှတ် ၄၆/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၄ ဖြင့် အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီး ရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ပြစ်မှု ကျူးလွန်ခဲ့သူများသည် ဇမ္ဗူသီရိ မြို့နယ်တွင် ဆောက်လုပ်ရေး လုပ်ငန်း လာရောက်လုပ်ကိုင်သူ များဖြစ်ကြောင်း ဖော်ထုတ်သိရှိ ရသဖြင့်ဖမ်းဆီးရမိနိုင်ရေး ဆောင် ရွက်ခဲ့ရာ ကဝမြို့နယ် အင်းမော် ကျေးရွာနေ သိန်းဇော်(ခ)ကိုသိန်း (၄၃)နှစ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ အမှတ်(၆၇)ရပ်ကွက်နေ သောင်းဝင်းအောင် (ခ) ချစ်ဖူး (၂၃)နှစ်၊ ဒက္ခိဏသီရိမြို့နယ်၊ စိုက်ခင်း(၃)ကျေးရွာနေ အောင်ကို ဦး (ခ) ဘယ်ကြီး (၂၇)နှစ်နှင့် ကဝ မြို့နယ်၊ ဝါးတောကျေးရွာနေ နန်းရွှေစင် (ခ) ကုလားမ (၄၁)နှစ် တို့ကို ဖြစ်စဉ်တွင် ပျောက်ဆုံးနေ သည့် CANDA 110 ဆိုင်ကယ် တစ်စီးနှင့်အတူ စက်တင်ဘာ ၁ ရက် ညပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုမှ ဖမ်းဆီးရမိခဲ့ ပြီး ပူးပေါင်းပါဝင်ခဲ့သည့် ဒေးဒရဲ မြို့၊ အမှတ်(၂)ရပ်ကွက်နေ အောင်ဇော် (ခ) ကိုဇော် (၄၄)နှစ် အား စက်တင်ဘာ ၂ ရက် ညပိုင်း တွင် ဒက္ခိဏသီရိမြို့နယ် စိုက်ခင်း (၃)ကျေးရွာ၌ ထပ်မံဖမ်းဆီးရမိခဲ့ သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များအရ သိန်းဇော် (ခ) ကိုသိန်းနှင့် သောင်းဝင်းအောင် (ခ) ချစ်ဖူးတို့သည် အခင်းဖြစ်နေ့က အရက်သေစာ သောက်စား နေစဉ် မအိအိငြိမ်း မောင်းနှင်လာ သည့် ဆိုင်ကယ်အားတွေ့ရှိ၍ တားဆီးကာ အဓမ္မဝိုင်းဝန်းပြုကျင့် စဉ် မအိအိငြိမ်းမှ ရုန်းကန်ထွက် ပြေး၍ သစ်သားတုတ်ဖြင့် လည်ပင်းနှင့် ဦးခေါင်းတို့အား ၈ ချက်ခန့်ရိုက်နှက်ခဲ့ရာ သေဆုံး သွားခဲ့သဖြင့် မအိအိငြိမ်းထံမှ ရွှေလက်စွပ် ၁ ကွင်း၊ ရွှေနားကပ် ၁ ရန်နှင့် ဆိုင်ကယ်တို့ကို ယူဆောင် ခဲ့ကြောင်းနှင့် အောင်ကိုဦး(ခ) ဘယ်ကြီး၊ နန်းရွှေစင်(ခ)ကုလားမ နှင့် အောင်ဇော်(ခ) ကိုဇော်တို့မှ လုယက်ယူဆောင်ခဲ့သည့် ရွှေ ထည်ပစ္စည်းများနှင့် ဆိုင်ကယ် တို့အား ရောင်းချဖျောက်ဖျက်ရာ တွင် ပူးပေါင်းပါဝင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့ ငါးဦးကို တောင်ညိုနယ်မြေရဲစခန်း မှ ဥတ္တရခရိုင် တရားရုံးသို့ ရာဇသတ်ကြီးပုဒ်မ ၃၀၂/ ၃၇၆/ ၃၇၇/ ၃၉၄/ ၃၁၆ အရ တရားစွဲ တင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၄၁/၂၀၂၅ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ပြစ်မှုထင်ရှားသဖြင့် မအိအိငြိမ်း အားအဓမ္မပြုကျင့်ကာ တုတ်နှင့် ရိုက်သတ်၍ နားကပ်၊ လက်စွပ်နှင့် ဆိုင်ကယ်တို့ကို လုယက်ယူဆောင် သွားသူ တရားခံ သိန်းဇော် (ခ) ကိုသိန်းနှင့် သောင်းဝင်းအောင် (ခ) ချစ်ဖူးတို့ကို ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၁) (ဂ) အရ မသေမချင်း လည်ပင်းကြိုးကွင်းစွပ်၍ သတ်စေ ရန် (သေဒဏ်)၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ အရ ထောင်ဒဏ် နှစ် (၂၀) (နှစ်နှစ်ဆယ်)၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆ (၁) အရ ထောင်ဒဏ် နှစ် (၂၀) (နှစ်နှစ်ဆယ်)၊ ရာဇသတ်ကြီး ပုဒ်မ ၃၇၇ အရ ထောင်ဒဏ် နှစ် (၂၀) (နှစ်နှစ်ဆယ်)၊ ရာဇသတ်ကြီး ပုဒ်မ ၃၁၆ အရ ထောင်ဒဏ် (၁၀) နှစ် (ဆယ်နှစ်) စီ အသီးသီးကျခံ စေရန်နှင့် ပြစ်ဒဏ်များကို သီးခြား စီ ကျခံစေရန်ဟုလည်းကောင်း၊ ရွှေထည်ပစ္စည်းများနှင့် ဆိုင်ကယ် အား ရောင်းချဖျောက်ဖျက်ရာတွင် ပါဝင်ကျူးလွန်ခဲ့ကြသည့် တရားခံ အောင်ကိုဦး (ခ) ဘယ်ကြီး၊ နန်းရွှေစင် (ခ) ကုလားမ၊ အောင်ဇော် (ခ) ကိုဇော်တို့အား ရာဇသတ်ကြီးပုဒ်မ ၄၁၄ အရ ထောင်ဒဏ် (၃) နှစ် (သုံးနှစ်)၊ ရာဇသတ်ကြီးပုဒ်မ ၂၀၂ အရ ထောင် ဒဏ်(၆)လ (ခြောက်လ)စီ အသီးသီး ကျခံစေရန်နှင့် ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန်ဟု လည်း ကောင်း အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဥတ္တရသီရိမြို့နယ်၌ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်ကာ သတ်ဖြတ်ပြီး ဆိုင်ကယ်နှင့် ရွှေထည်ပစ္စည်းများအား လုယက်ယူဆောင်သွားသူ တရားခံများ၏ မှတ်တမ်းဓာတ်ပုံ။



သိန်းဇော်(ခ)ကိုသိန်း



သောင်းဝင်းအောင်(ခ)ချစ်ဖူး

ဥတ္တရသီရိမြို့နယ်၌ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်ကာ သတ်ဖြတ်ပြီး ဆိုင်ကယ်နှင့် ရွှေထည်ပစ္စည်းများအား လုယက်မှုဖြစ်စဉ်မှ သက်သေခံပစ္စည်းများ ရောင်းချဖျောက်ဖျက်ရာတွင် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြသည့် တရားခံများ၏ မှတ်တမ်းဓာတ်ပုံ။



အောင်ကိုဦး(ခ)ဘယ်ကြီး



နန်းရွှေစင်(ခ)ကုလားမ



အောင်ဇော်(ခ)ကိုဇော်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
## နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
## ရုံးအမှတ်(၁)၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်–

ဒုတိယဦးစီးမှူး(လစာနှုန်းကျပ် ၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀) ၁၀ နေရာ

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၁၉–၂–၂၀၂၆ ရက်တွင် အသက် ၂၇ နှစ် ထက်မကျော်လွန်သူဖြစ်ရမည်။

(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၁၉–၂–၂၀၂၆ ရက်တွင် အသက် ၃၀ နှစ် ထက်မကျော်လွန်သူဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(င) ဌာနဆိုင်ရာတစ်ခုခုတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းခံရသူမဖြစ်စေရ။

(စ) ဌာနတွင် အနည်းဆုံး တစ်ဆက်တည်း ၃ နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ် ရေးထိုးရမည်။

(ဆ) နေပြည်တော်တွင် မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူကို ဦးစားပေး ရွေးချယ်မည်ဖြစ်ပါသည်။

၃။ ခေါ်ယူမည့် ရာထူးအတွက် သတ်မှတ်ချက်များ

ဒုတိယဦးစီးမှူးရာထူးနေရာအတွက်

ဝါဏိဇ္ဇဘွဲ့ (B.Com)၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A)၊ စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) B.Econ (Economics)၊ စီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ) B.Econ (Statistics)၊ ဖွံ့ဖြိုးရေးပညာဘွဲ့ (B.Dev.S) နှင့် စီးပွားရေးပညာဘွဲ့ရများ အားလုံး၊ ဥပဒေ ဘွဲ့ (LL.B)၊ ဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေး) B.A (International Relations)၊ ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) B.A (English)၊ B.A (English) U.F.L၊ B.A (English for Professional Purposes) အနိမ့်ဆုံး ရရှိသူများဖြစ်ရမည်။ ကွန်ပျူတာအခြေခံ ကျွမ်းကျင်ရမည်။

၄။ လျှောက်လွှာပုံစံကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် ရုံးချိန်အတွင်း လာရောက် ထုတ်ယူနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များအား ပူးတွဲ ပေးပို့ရပါမည်–

(က) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်အောင်လက်မှတ် သို့မဟုတ် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ပြန်တမ်းဝင်အရာရှိတစ်ဦး၏ ထောက်ခံချက်မူရင်း

(ဃ) နိုင်ငံ့ဝန်ထမ်း မဟုတ်သူများအတွက် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာ မြို့နယ်ရဲစခန်းထောက်ခံချက်မူရင်း (လွန်ခဲ့သော တစ်လအတွင်း)

(င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင် ကတ်ပြားမိတ္တူ

(စ) ပတ်စ်ပို့ဓာတ်ပုံ ၂ ပုံ (လွန်ခဲ့သော ခြောက်လခန့်) (ဓာတ်ပုံနောက်ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေး အမှတ်ရေးသားရန်)

(ဆ) ကျန်းမာကြောင်းဆေးထောက်ခံချက်မူရင်း(လွန်ခဲ့သော ၁ လ အတွင်း)

၆။ လျှောက်လွှာများကို ဓာတ်ပုံအပို နှစ်ပုံနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်သို့ ၁၉–၂–၂၀၂၆ ရက်အရောက် ပေးပို့ရပါမည်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်း ဆောင်သည့်ဌာန ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ၁၉–၂–၂၀၂၆ ရက် နောက်ဆုံးထား၍ ပေးပို့ရပါမည်။

၈။ ရေးဖြေစာမေးပွဲကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတည် ရှိရာ နေပြည်တော်တွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရမည့် ဘာသာရပ်များမှာ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဖြစ်ပါသည်။ ရေးဖြေစာမေးပွဲကို ၂၈–၂–၂၀၂၆ ရက်တွင် စစ်ဆေးမည်ဖြစ်ပါသည်။

၉။ အရည်အချင်းသတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ အချက်အလက် မပြည့်စုံသည့် လျှောက်လွှာများ၊ သတ်မှတ်ရက်ထက်ကျော်လွန်၍ ရောက်ရှိ ပေးပို့လာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ရေးဖြေ စာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးမှုနှင့် ကွန်ပျူတာ အခြေခံစစ်ဆေးမှု ပြုလုပ်ပြီး ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၁၀။ ဝင်ခွင့်ဖြေဆိုခွင့် ကတ်ပြားများကို ၂၃–၂–၂၀၂၆ ရက်တွင် ကာယကံရှင် ကိုယ်တိုင် နိုင်ငံသား စိစစ်ရေးကတ်ပြားပြသ၍ နိုင်ငံခြားစီးပွားဆက်သွယ် ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်တွင် ထုတ်ယူနိုင်သည်။ ဝင်ခွင့် စာမေးပွဲ ဖြေဆိုခွင့် ကတ်ပြားထုတ်ပေးချိန်တွင် စာမေးပွဲဖြေဆိုရမည့်နေရာကို ကြေညာထားပါမည်။

၁၁။ သိရှိလိုသော အချက်များကို ရုံးအမှတ် (၁)၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီး ဌာန၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇ ၃၄၀၇၁၅၂ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန
## အဆောက်အဦအထူးအဖွဲ့(၂) ၊ ရန်ကုန်
## " အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း "

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက် အဦအထူးအဖွဲ့(၂)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် (၂၀၂၅–၂၀၂၆) ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်း လုပ်ငန်းများအတွက် လိုအပ်သော (မြို့ပြ) ဆောက်လုပ်ရေး လုပ်ငန်း သုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်မည်ဖြစ်ပါ သဖြင့် ပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ် ကြေညာအပ်ပါသည် ။

| | | | |
|---|---|---|---|
| ၁။ | **တင်ဒါလျှောက်လွှာ ရောင်းချမည့် ရက်နှင့်အချိန်** | – | ၂၂–၁–၂၀၂၆ ရက် (ရုံးချိန်အတွင်း) |
| ၂။ | **တင်ဒါ လျှောက်လွှာ ပိတ်မည့်ရက်နှင့်အချိန်** | – | ၃၀–၁–၂၀၂၆ ရက် (ညနေ ၄:၀၀ နာရီ) |
| ၃။ | **တင်ဒါဖွင့်မည့်ရက်နှင့် အချိန်** | – | ၃–၂–၂၀၂၆ ရက် နံနက်(၁၀:၀၀) နာရီ တင်ဒါဖွင့်မည့်ရက် အပြောင်းအလဲ ရှိပါက ထပ်မံကြော်ငြာပါမည် ။ |
| ၄။ | **တင်ဒါစိစစ်ရွေးချယ်မည့် နေရာ** | – | အဆောက်အဦအထူးအဖွဲ့(၂) ၊ အစည်းအဝေးခန်းမ၊ဘော်စင်လမ်း၊ သုဝဏ္ဏ(၂၄)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ၊ ရန်ကုန် ။ |

အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက် များကို အဆောက်အဦ အထူးအဖွဲ့(၂)ဘော်စင်လမ်း၊ (၂၄) ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း –၀၉–၄၂၀၁၆၂၅၉၈၊ ၀၉ – ၇၄၀၈၀ ၄၃၃၆ သို့ (၁၅–၇–၂၀၂၅)ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူ နိုင်ပါသည် ။

**မှတ်ချက် ။ ။ (၁၆–၁–၂၀၂၆)ရက်နေ့ မြန်မာ့အလင်းသတင်းစာပါ အဆောက်အဦ အထူးအဖွဲ့(၂)တင်ဒါ ကြော်ငြာခဲ့ပြီး တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်(၃၀–၁–၂၀၂၆) ရက်နေ့အစား (၉–၂–၂၀၂၆) ရက်နေ့တွင် လျှောက်လွှာပိတ်မည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်အား (၃–၂–၂၀၂၆) ရက်နေ့အစား (၁၁–၂–၂၀၂၆)ရက်နေ့တွင် အိတ်ဖွင့်တင်ဒါကို ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂

၁။ ဒေါ်မင်းစန္ဒာ နှင့် ဦးဝင်းတည်

၂။ ဒေါ်အိမ့်မှူးခင်

တရားလိုများ တရားပြိုင်

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၆)၊ သစ်တောရိပ်သာလမ်းသွယ်၊ အမှတ် (၂၇၂) နေ ဦးဝင်းတည် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက မြေကွက်အရောင်းအဝယ်မှတ်ပုံတင် စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက် ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို များက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာ ရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရ မည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြူကြူဝင်း)
ခရိုင်တရားသူကြီး
ပဲခူးခရိုင်တရားရုံး

---

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့ (အထက) Grade–9 တွင် ပညာသင်ကြား နေသော မောင်ဥက္ကာစံ၏ ဖခင် အမည်မှန်မှာ ဦးစံ ၈/စတရ(နိုင်) ၀၂၅၅၆၂ ဖြစ်ပါကြောင်း။ **ဦးစံ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/43345, New Zhineng 110, M/C ယာဉ် လက်ဝယ်ရှိသူ ဦးသန်းဇော်ထွန်း ၇/သကန(နိုင်)၁၀၇၉၈၉ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ–၈)၊ လူနေရပ်ကွက်အမှတ် (၈)၊ အောင်ရတနာလမ်း၊ မြေကွက်အမှတ် (၄၁၅/ခ)၊ မြေအကျယ်ပေ (၂၀x၆၀)(ဦးအုန်းသန်းအမည်ပေါက်မြေချပါမစ်)ရှိ မြေကွက်နှင့် နေအိမ် (ရေ၊ မီး)စုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အဆင့်ဆင့်စာချုပ်များဖြင့် ဝယ်ယူ လက်ရှိထားပိုင်ဆိုင် ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးကိုကိုဦး(၁၁/ပတန(နိုင်)၀၄၄၀၄၀)နှင့် ဒေါ်ညိုညိုခိုင် (၁၁/ စတန(နိုင်)၀၈၁၅၀၇)တို့မှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဖြူဝင်းကျော်(၈/မမန(နိုင်)၁၇၂၄၀၂) က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဖြူဖြူဝင်းကျော် (၈/မမန(နိုင်)၁၇၂၄၀၂ )** — **ဒေါ်ညီမာထွေး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၄၆၇၂)**

**အမှတ်(၁၃၇၁/ခ)၊ သူရိယလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ဖုန်း–၀၉–၄၂၀၂၉၄၀၀၄**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၃၀၊ တော်ဝင်လမ်း၊ မြေကွက်အမှတ် ၁၂၁၊ အကျယ် (၄၀'x၆၀')ရှိ ပါမစ် မြေအမျိုးအစား မြေကွက်သည် ဦးကျင်လန်းထန်အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ အဆိုပါမြေကွက်အား ဦးကျင်လန်းထန်ထံမှတစ်ဆင့် အရောင်းအဝယ်စာချုပ် (အရပ်ကတိ) အဆက်စပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံကတိပြုသူ ဒေါ်ရည်ရည်မွန် ၁၂/ကမရ (နိုင်)၀၄၀၅ ၅၉၊ (၎င်း၏ကိုယ်စား ဦးကျော်မင်းဟန် ၁၂/ကမရ(နိုင်)၀၁၀၆၄၁ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသန်းအောင် ၁၂/မဂဒ(နိုင်)၀၉၆၁၁၂ သည် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန် ငွေအဖြစ် ပေးချေ ထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့် ရှိသည့် မည်သူမဆို မြေကွက်အရောင်းအဝယ် အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း စာမှတ် စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေကွက် အရောင်းအဝယ်အား ဥပဒေနှင့် အညီ ပြီးဆုံး အောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးသန့်(LL.B) (C.B.L) အထက်တန်းရှေ့နေ (စဉ် – ၄၅၇၀၅)**
**အမှတ် ၁၇၄/ခ၊ ဗေဒါလမ်း၊ ၁၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း – ၀၉–၇၇၁၉၇၁၀၆၄**

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ လူနေရပ်ကွက်အမှတ် (၉)၊ မြေကွက် အမှတ် (၈၄၃–က)၊ (အလျားပေ ၂၀x အနံပေ ၆၀) ဧရိယာစတုရန်းပေ ၁၂၀၀ ရှိသော ဦးအောင်စိုး (၉/မနမ(နိုင်)၀၉၂၀၄၀) အမည် ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် (၈၄၃–က)၊ ကျော်သူ (၂၃) လမ်း (၉)ရပ်ကွက်၊တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သည့် နေအိမ်နှင့် ယင်းနေအိမ်နှင့် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက် ဦးအောင်စိုးမှ ၎င်းကသာပိုင်ဆိုင်ပြီးအရှုပ်အရှင်းကင်းစွာဖြင့်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံထားသူထံသို့ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းချငွေတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၁၄) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်ထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်လွင်လွင်ခိုင်(LL.B, D.B.L, D.I.L)** — **ဒေါ်ဟန်သီတိုး(LL.B, D.B.L)** — **ဦးကျော်စွာဝင်း(LL.B,LLM)**

**အထက်တန်းရှေ့နေ (စဉ် –၂၄၃၄၅)** — **အထက်တန်းရှေ့နေ(စဉ်–၅၀၅၃၂)** — **အထက်တန်းရှေ့နေ(စဉ်–၄၅၀၉၁)**

**အမှတ်(၆၂၇)၊ (၁၁)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၇၇၇၄၅၇၉၅၄၊ ၀၉ –၄၂၁၁၂၇၇၂၃**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ညောင်လေးပင်မြို့မ (၂) ရပ်ကွက်၊ ရပ်(၁၀)ဇာတ်ရုံရပ်၊ ဦးပိုင်အမှတ် (၃၂က)၊ မြေကွက်အမှတ် (၁၇၂/၂၂၂)၊ ဧရိယာ (၀ဒသမ၀၃၈၁) ဧကအား ဒေါ်သန္တာထွန်း အမည်ဖြင့် အမည် ပြောင်း သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅) ရက် အတွင်း ဆိုင်ရာအထောက်အထားများ ဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ညောင်လေးပင်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/36616 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်စိုး ၇/ရကန(နိုင်)၀၁၂၈၆၉ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၇၂/အေ)၊ ကျောင်းကုန် မြောက်ကွင်း၊ ဦးပိုင်အမှတ် (၅၀/၁၊ ၅၀/၂၊ ၅၁/၂၊ ၄၉၊ ၅၆၊ ၅၇)၊ ဧရိယာ(၄ဒသမ၃၈၉)ကေရှိ ဒေါ်ခင်မျိုးဦး အမည်ပေါက် မြေကွက်အနက် မြေကွက်အမှတ် (၂၈)၊ အလျား x အနံ (၄၀ x ၆၀)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးကျော်ကိုကို ၁၂/သလန(နိုင်)၁၃၇၁၀၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းထွဋ် ၁၄ / ပတန(ဧည့်)၀၀၀၀၄၈ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းရှိမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်း အဝယ် ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးဇာနည်(LLB,DBL,DIPL)** — **ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်(LL.B, DIPL)**

**(စဉ် – ၁၄၆၆၈)** — **(စဉ် – ၁၈၇၂၆)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊**
**သန်လျင်မြို့၊ ဖုန်း – ၀၉–၇၉၇၀၇၅ ၃၁၂**

---

## မိဘအမည်မှန်

လှိုင်ကော်မြို့၊ အထက (၇)၊ Grade–5 မှ မစုစုသွယ်ဇင်၏ မိဘအမည် မှန်မှာ ဦးကျော်မင်းဦး ၂/လကန(နိုင်)၀၆၈၆၇၂၊ ဒေါ်မေဇာလတ် ၁၃/ဖခန(နိုင်) ၀၂၁၇၃၀ ဖြစ်ပါကြောင်း။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိ ရပ်ကွက်၊ တိုက် (၅၃၆၇)၊ ချယ်ရီ အိမ်ရာမှ မငြိမ်းငြိမ်းအေး၏ ဖခင်သည် ဦးမိုးကျော်ခေါင်(ခ) ဦးကျော်ကျော် ဟု အမည်(၂) မျိုးဖြစ်သော်လည်း လူတစ်ဦး တည်းဖြစ်ပါကြောင်း။

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/11426 ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းအေး ၇/ပခန(နိုင်)၁၆၅၈၆၁ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/61581 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့်ခိုင် ၇/ကတခ(နိုင်)၀၄၁၆၁၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ–၃၀၃၂၈)၊ မြေဧရိယာ (၀.၁၃၉) ဧကရှိ ဦးဖြိုးကိုဖြေ (ဘ) ဦးဖြေ ၇/ပခန(နိုင်)၁၆၉၉၁၈ အမည်ပေါက်နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးဖြိုးကိုဖြေမှ ဦးသန့်ဇင် (ဘ) ဦးမောင်နီ ၁၂/မဘန(နိုင်)၀၇၈၂၉၆နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3P/2339, Subaru Sambar N2 ယာဉ်လက် ဝယ်ရှိသူ ဦးစိုင်းအောင်ခမ်း ၁၃/ မဖန(နိုင်)၀၁၂၄၂၅ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(တာချီလိတ်)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6A/7780 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၇၂) အဒွင်းကွင်း၊ ဦးပိုင်အမှတ်(၁၅)၊ မြေဧရိယာ (၁ ဒသမ ၈၃) ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၃၁/၂၀၁၅-၂၀၁၆ အရ ဦးဝင်းရွှေ အမည်ဖြင့် ရရှိခဲ့ပြီး (၁၅-၁၁-၂၀၂၅)ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား စက်မှု/စီးပွားမြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးဝင်းရွှေ ၆/မအရ(နိုင်)၀၃၁၀၄၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ် (၃၇) ဘုရားကိုင်ကွင်း၊ မြေကွက်အမှတ်(၂၅၅)၊ မြေဧရိယာ (၀ ဒသမ ၀၃၄) ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၃၃/၁၉၉၃-၁၉၉၄ အရ ဒေါ်မေရီသန်း အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ် ရရှိသူ ဦးမြင့်သိန်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၄၆/၂၀၂၃)ဖြင့် ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်ဇင်ဇင်မြင့် တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား မြေငှားဂရန် (အမည်/စက်မှုစီးပွား အမျိုးအစားပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်မြင့်မြင့်ကြည်၊ ၆/မအရ(နိုင်)၀၇၇၂၅၀၊ ဒေါ်ဇင်ဇင်မြင့် ၆/မမန(နိုင်) ၂၇၃၁၇၄ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ သခင်ခင်ဇော်လမ်း၊ မြေကွက်အမှတ်- ၃၅၊ အကျယ်အဝန်း (၄၂ ပေ x ၆၀ ပေ)ရှိ ဦးအေးကြူ (ISN-၀၅၀၅၇၂) အမည်ပေါက် ဂရန်မြေကွက်ကြီး အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၁၅ ပေ x ၆၀ ပေ) (မြေကွက်ကြီးမျက်နှာမူလျှင် ဘယ်ခြမ်း)ရှိမြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်ခင်စန်းဝင်း ၁၂/ကမရ(နိုင်)၀၂၀၈၈၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေဝေမြင့် ၁၂/ဥကတ(နိုင်)၁၄၇၄၉၄ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူထွဏ်း တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၈၇၆)**
**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၂၆၆၀၂၂၂၅၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ ထိပ်တင်မှတ် (၄) လမ်း၊ မြေကွက်အမှတ်- ၃၀၃၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)ရှိ ဦးခင်စိုး အမည်ပေါက် ပါမစ် မြေကွက် ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ) (မြေကွက်ကြီးမျက်နှာမူလျှင် ညာဘက်ခြမ်း)ရှိ မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိုးသူအောင် ၇/ရတရ(နိုင်)၁၃၇၂၈၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်အုန်းဆွေ ၇/ကဝန (နိုင်) ၀၉၂၀၁၉က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူထွဏ်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၇၆)**
**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၂၆၆၀၂၂၂၅၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၇)၊ လူနေရပ်ကွက်အမှတ် (၁၉)၊ စိန်ပန်း (၁) လမ်း၊ မြေကွက်အမှတ် (၂၁၂/က)ဟုခေါ်တွင်သော ဦးကျော်အေး (၁၂/လမန(နိုင်)၀၈၅၂၄၁) အမည်ပေါက် မြေချပါမစ်မြေအမျိုးအစား မြေအကျယ်အဝန်း (ပေ၂၀ x ပေ၆၀) ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိမြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်နှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်မေသူ (၁၂/ရပသ(နိုင်)၁၂၇၂၆၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်သီဟ (၁၄/ဘကလ(နိုင်)၁၆၉၅၅၃)က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ယင်းမြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိသန္တာအောင် LL.B. D.L.P.L**
**အထက်တန်းရှေ့နေ (စဉ်-၅၅၂၀၃)**
**အမှတ် (၂၅)၊ ရွှေဥဒေါင်းလမ်း၊ ကမ်းနားအနောက်ရပ်ကွက်**
**အင်းစိန်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-09-688131180, 09-951525881**

## အယူခံမှုကို ဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ - ၁၄)**
**မကွေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၂၅ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ်-၄၉**

| | | |
|---|---|---|
| ဒေါ်အေးအေး | နှင့် | ဦးသိန်းကျော်စန်း |
| **(အယူခံတရားလို)** | | **(အယူခံတရားပြိုင်)** |

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့စွဲပါ ချောက်ခရိုင်တရားရုံး၊ တရားမအယူခံမှုအမှတ် ၈/၂၀၂၅ အမှုတွင် ချမှတ်သော စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ကြီးနီကျေးရွာနေ အယူခံတရားပြိုင် ဦးသိန်းကျော်စန်း (ဘ) ဦးကျော်တင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ချောက်ခရိုင်တရားရုံးတော်က ချမှတ်ပေးသည့်အမိန့်ကို အယူခံတရားလိုက အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းသွင်း၍ ဤအယူခံမှုကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုကို သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိ သည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုတရားမကျင့်ထုံးဥပဒေအမိန့် ၄၁ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သန္တာ)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**မကွေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁၁-၂၀၂၅ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၆) ပတ်စ်ပို့ပျောက် ကြော်ငြာတွင် ဦးဆန်းလင်းထွန်း ၁/မကန(နိုင်) ၁၇၇၈၂၃ အစား ၁/မကန(နိုင်) ၁၇၇၈၁၃ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးဘိုနီဝင်း ၁၂/ကတတ(နိုင်)၀၂၅၁၈၄ ၏ ပတ်စ်ပို့ နံပါတ် MA -412168 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၉၀၆၇၆၀၆၊ ၀၉-၇၆၃၃၃၁၃၂၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/9655 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ကျောက်ဆည်)**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့(အထက) Grade-10 တွင် ပညာသင်ကြားနေသော မချိုချိုနိုင်၏ ဖခင်အမည်မှန်မှာ ဦးသာထူး ၈/ငဖန (နိုင်) ၀၁၁၅၂၃ ဖြစ်ပါကြောင်း။

**ဦးသာထူး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းအမှတ်-၂၊ (၃) ရပ်ကွက်၊ မင်းရဲကျော်စွာ (၇) လမ်း၊ အိမ်အမှတ် ၁၀၅ ဟုခေါ်တွင်သောမြေအကျယ်ပေ (၄၀x၆၀)မြေထဲမှ ခွဲခြမ်းစိတ်ဖြာရောင်းချသောပေ (၂၀x၆၀)(ခြေရင်းခြမ်း)မြေ (ရေ၊ မီးအစုံ)နှင့်ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသောအဆောက်အအုံအပါအဝင် ဦးသန်းအောင်အမည်ပေါက် နှစ် (၆၀) ဂရန်မိတ္တူနှင့်တကွအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဦးမြင့်နိုင်ဝင်း(၇/သနပ(နိုင်)၁၃၆၉၇၆) နှင့် ဒေါ်မဉ္ဇူဝင်း(၈/ရနခ(နိုင်)၁၅၈၅၆၄)မှ မိမိတို့တစ်ဦးတည်းသာတရားဝင်လက်ရှိပိုင်ဆိုင်၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိ ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေမီထွန်း (၁၂/မရက(နိုင်)၁၆၄၃၉၁)မှ အပြီးအပိုင်ဝယ်ယူရန် (၂၈-၁-၂၀၂၆) ရက်က တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ယင်းအိမ်၊ခြံမြေတို့နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါကဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေမီထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးမဉ္ဇူ (LL.B)**
**စဉ်-၁၉၂၉၆/၁၁-၄-၂၀၂၄ တရားလွှတ်တော်ရှေ့နေ**
**ကုန်းတလိကျေးရွာ၊ ထန်းတပင်မြို့နယ်၊**
**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၈၆၇၇၆၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ အလင်းရောင်လမ်းမ၊ အမှတ် (၅၅၄)၊ (ဒုတိယထပ်) (၃-လွှာ/အေ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ယဉ်ယဉ်မြင့် (၁၄/လပတ(နိုင်)၁၁၅၆၁၂) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ဆွေနွယ်မြင့် (၈/နမန(နိုင်) ၁၁၈၆၂၂)၊ ဦးနေမျိုးထိုက် (၆/ပလန(နိုင်)၀၆၉၅၂၁)တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင် (LL.B)** | **ဒေါ်ခင်စောသိန်း (LL.B)** | **ဒေါ်သိမ့်သဉ္ဇာလီ (LL.B, LLM)** |
| **(စဉ်-၁၁၅၅၃)** | **(စဉ်-၁၃၂၈၆)** | **(စဉ်-၅၆၈၈၇)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**တိုက် (၁၀/၁၂)၊ ပထမထပ်၊ အခန်း (၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀)**
**သန်လျင်မြို့နယ်တရားရုံး**
**၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၆၂**

| | | |
|---|---|---|
| ကမ္ဘောဇဘဏ်လီမိတက် (သန်လျင်ဘဏ်ခွဲ) (၎င်း၏ကိုယ်စား လက်ထောက်မန်နေဂျာဒေါ်ဥမ္မာဝင်း) | နှင့် | ဒေါ်ပွင့်ဖြူဝင့်အေး |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် ၊ ကျောက်မြောင်းရပ်ကွက်၊ (၁၄၇) လမ်း ၊ အမှတ် (၄) နေ တရားပြိုင် ဒေါ်ပွင့်ဖြူဝင့်အေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "(၂၅-၁၂-၂၀၂၄)ရက်နေ့ အထိကျသင့် သော Union Pay (UPI) Credit Card ဘဏ်ချေးငွေ အရင်းအတိုးနောက်ကျကြေးငွေ စုစုပေါင်း ၃၀,၉၂၃,၅၉၄ ကျပ် ၁၃ ပြား ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၆ ခုနှစ် ၊ ဖေဖော်ဝါရီလ ၂၇ ရက် (၁၃၈၇ ခုနှစ် ၊ တပေါင်းလဆန်း ၁၂ ရက်) သောကြာနေ့ မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာ ရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက် ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီလ ၊ ၂၈ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွေးနွေးအောင် )**
**တွံတေးမြို့နယ်တရားသူကြီး (၁)**
**သန်လျင်မြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ နန်းရွှေစင် ၁၃/တကန(နိုင်)၃၂၆၆၇၂ ၏ မိခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းတွင် **ဒေါ်မကြီး (ခ) ဒေါ်နန်းကြည်လေး** ဖြစ်နေပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်တွင် **ဒေါ်ကြည်လေး** ဖြစ်နေပါသဖြင့် **ဒေါ်မကြီး (ခ)ဒေါ်နန်းကြည်လေးနှင့် ဒေါ်ကြည်လေး**မှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 4P/3673 ယာဉ်လက်ဝယ်ရှိသူ ဦးလင်းလင်းအေး ၉/ခမစ(နိုင်)၀၀၇၆၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ကျောက်ဆည်) သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၄)၊ ကွင်း/ အကွက်အမှတ် (၆/ဈေးမြောက်ရပ်)၊ ဦးပိုင်အမှတ် (၄၃)၊ မြေဧရိယာ (၀ဒသမ၀၃၆) ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးကျော်စိုးလှ ပါ (၂) ဦး ၉/ပဥလ (နိုင်) ၀၁၄၁၂၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၂)၊ မြေကွက်အမှတ် (၂၀၇၆) ဟုခေါ်တွင်သော မြေအလျားxအနံ (၄၀x၆၀) ပေ အကျယ်အဝန်းရှိ မြေချပါမစ်မူရင်းမြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်အေးသိန်း (ISN-၀၃၆၆၄၁) ကွယ်လွန်သဖြင့် သမီးဖြစ်သူ ဒေါ်စုစုလှိုင် (၁၂/မရက(နိုင်)၁၁၅၇၀၆) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသန်းထိုက် (၁၀/ကမရ(နိုင်)၀၅၈၃၆၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ကျိန်ခေါ်ဒွန့် (၄/တတန(နိုင်)၀၄၅၆၀၄) က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၉)၊ မြေကွက်အမှတ် (၁၆၉၂) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀)ပေ အကျယ်အဝန်းရှိ မြေချပါမစ်မူရင်း မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်အုန်း (၁၂/အလန(နိုင်)၀၀၉၉၀၉) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်း အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသက်နိုင်စိုး (၅/ကဘလ(နိုင်)၀၀၁၂၃၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ချုံဟွမ် (၁၃/ဟပတ(နိုင်)၀၀၃၂၁၃) မှ အပြီးအပိုင် လက်ရောက်ပိုင်ဆိုင်ထားပြီး အဆိုပါမြေကွက်အပါအဝင် မြေချပါမစ်မူရင်း၊ အခြားအဆက်အစပ် စာချုပ်စာတမ်းနှင့် စာရွက်စာတမ်းများကို လက်ရောက်လက်ခံလွှဲပြောင်းရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါမြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးတည်းမှသာ ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၀)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ် (၆၀၂/က) ဟုခေါ် တွင်သော မြေအလျား x အနံပေ (၂၀x၆၀)ပေ အကျယ်အဝန်းရှိ မြေချပါမစ်မူရင်း မြေကွက်နှင့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးစံသရား (TGKN-၀၅၄၆၈၉) ထံမှ အရောင်းအဝယ် စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမြင့်ထွေး (၁၂/ကတန(နိုင်)၀၃၂၇၄၆) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးလှသန်း (၁၂/ဥကတ(နိုင်)၀၃၆၇၃၂) က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၈)၊ လူနေရပ်ကွက် အမှတ်(၃၈)၊ အနန္တသုခလမ်း၊ မြေကွက်အမှတ် (၁၈၈)ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်တွင် ဒေါ်မြတ်သန္တာ (၁၂/ဗဟန(နိုင်)၀၉၂၃၇၃) အမည်ပေါက်ပိုင် အလျားပေ(၄၀)၊ အနံပေ (၆၀)၊ ဧရိယာ (စတုရန်းပေ ၂၄၀၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူထားသူ (၁) ဦးဝင်းလှိုင်ထွန်း (၁၂/ဥကတ(နိုင်)၀၀၀၀၀၈)၊ (၂) ဒေါ်အိရွှေစင် (၁၂/မဂတ(နိုင်)၀၈၇၇၀၂) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးဇာနည်စိုး (၁၂/ဗဟန(နိုင်)၀၈၄၁၄၄) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇာနည်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)** | **ဒေါ်မြတ်နိုးခင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)** | **အထက်တန်းရှေ့နေ စဉ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)** |

**အမှတ် (၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၉၇၂၀၉၈၉၂**

## အများပြည်သူသို့ အသိပေးကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ကို မြေယာအသုံးချမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်စေရေး အများပြည်သူတို့သိရှိအောင် နိုင်ငံပိုင်သတင်းစာများတွင် ယခင်ကလည်းအသိပေးကြေညာခဲ့ပြီးဖြစ်ခြင်း၊ လယ်ယာမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ တရားမဝင် လမ်းဖောက်လုပ်ခြင်း၊ အကွက်ရိုက်ရောင်းချခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ အဆောက်အဦဆောက်လုပ်အသုံးပြုနေထိုင်ခြင်း၊ အခြားနည်း အသုံးပြုခြင်းများ မပြုလုပ်ရန် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ အမိန့်ထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

နိုင်ငံတော်ပြန်တမ်းဖြင့် မြို့မြေ၊ ရွာမြေအဖြစ် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းထားသည့် ရပ်ကွက် မြေများ(သို့မဟုတ်)ရွာမြေများနှင့် တစ်ဆက်တစ်စပ်တည်းရှိသော လယ်မြေ၊ ယာမြေ၊ သစ်တောမြေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများကို စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပါဝင်သည် (သို့မဟုတ်) ရွာမြေအတွင်း ပါဝင်သည်ဟုဆိုကာ ဥပဒေနှင့်အညီ အသုံးပြုခွင့်မရရှိဘဲ ကွက်စိတ်ရိုက်ခြင်း၊ အုတ်တံတိုင်းကာရံခြင်း၊ အခိုင်အမာအဆောက်အဦ ဆောက်လုပ်ခြင်းစသည့် ကျူးလွန်ဆောင်ရွက် အသုံးပြုမှုများ၊ အရောင်းအဝယ်ပြုလုပ်နေမှုများရှိနေသည်ကို စိစစ်တွေ့ရှိရ၍ ဥပဒေနှင့်အညီ စိစစ် အရေးယူဆောင်ရွက်မှုများပြုလုပ် နေရပါကြောင်း၊ အဆိုပါ မြေများကို ခွင့်ပြုချက်မရှိဘဲ မမှန်မကန်သော နည်းလမ်းများဖြင့် မြေအရောင်း/အဝယ် ဆောင်ရွက်မှုများ၊ မြေယာအသုံးပြုမှုများနှင့် ပတ်သက်ပြီး ဥပဒေနှင့်အညီ နည်းလမ်းတကျအသုံးပြုမှုရှိစေရေးအတွက် အများပြည်သူသိရှိရန် နိုင်ငံပိုင်သတင်းစာတွင် အသိပေးကြေညာခဲ့ပြီးဖြစ်သော်လည်း မြေပြင်တွင် ဝိသမလောဘစီးပွားရေးသမားများမှ ပွဲစားများဖြင့်လည်းကောင်း၊ အင်တာနက် လူမှုကွန်ယက်စာမျက်နှာများဖြစ်သည့် Facebook, Tiktok စသည်တို့တွင်လည်းကောင်း လိမ်ညာရောင်းချမှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ သိလျက်နှင့်ဖြစ်စေ ဝယ်ယူ/ရောင်းချခြင်းများ ကြောင့် ကာယကံရှင်များအနေဖြင့် နစ်နာဆုံးရှုံးမှုများ၊ အရေးယူခံရခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထိုသို့ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိသော မြေယာအသုံးပြုမှုများနှင့်ပတ်သက်၍ ကျူးလွန်ဆောင်ရွက်မှုများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများက ဥပဒေနှင့်အညီ နည်းလမ်းတကျရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိရာ နည်းလမ်းတကျ အသုံးပြုခွင့်မရှိသောမြေများကို ပြည်သူတို့အနေဖြင့် ဝယ်ယူမိပါက နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်သည်ကို အထူးသတိပြုရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မြေယာအသုံးပြုမှုများနှင့်ပတ်သက်ပြီး ဥပဒေနှင့်အညီ နည်းလမ်းတကျ အသုံးပြုမှုရှိစေရေးအတွက် အများပြည်သူတို့သိရှိအောင် အသိပေးကြေညာချက်များ ထုတ်ပြန်ခဲ့ပြီးဖြစ်သောကြောင့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိသော မြေယာအသုံးပြုမှုများကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

**မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ**
**ပုသိမ်ကြီးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂) ရပ်ကွက်၊ အောင်သိဒ္ဓိ (၅) လမ်း၊ အမှတ် (၁၁၀၉) ရှိ အလျား (၆၀)ပေ၊ အနံ (၁၇) ပေရှိ မြေနှင့်မြေပေါ်ရှိ (၁) ထပ်နေအိမ်၊ ရေ၊ လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ခင်မေချို(၁၂/အစန(နိုင်)၁၉၆၉၉၁) ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အေးသန်း (၁၂/ဥကတ(နိုင်)၀၈၇၄၀၂) က စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသည့်မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေမျိုးကြည် LLB, CBL, DBL, DIL**
**အထက်တန်းရှေ့နေ(စဥ်– ၃၃၂၈၆/၂၀၁၀)**
**အမှတ် (၃၂၅)၊ ခေမာ(၁)လမ်း၊ ၄ /ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉ ၇၉၉၄၇၇၆၇၁**

## အများသိစေရန်ကြေညာချက်

ပုစွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၅၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (10-13)၊ မြေကွက်အမှတ်(၄၁+၄၂)၊ အမှတ် (၁၄၆/၁၄၈)၊ မြေဧရိယာ (၀.၀၄၇+ ၀.၀၃၆)ဧကမြေနေရာတွင် အလုပ်ရုံ၊နေအိမ်မဆောင်အဖြစ်အသုံးပြုလျက်ရှိသည့် (၁½)ထပ်အုတ်တိုက်နှင့် (၂)ထပ်အုတ်တိုက် အဆောက်အဦ(၂)လုံးမှာ ပျက်စီးနေသဖြင့် ပြင်ဆင်ခွင့်ပြုပါရန် R Venugonal Reddiar (-) အမည်ပေါက် နှစ်(၃၀) မြေငှားဂရန် (သက်တမ်းကုန်) မြေပေါ်တွင် ၁၉၇၈/ ၇၉ ခုနှစ်သုံး မြေပုံမိတ္တူတင်ပြ၍ ဦးကျော်မင်းထွန်း (Ramana Than Family)မှ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ဒေါ်သူဇာအောင်၊ ၁၄/ညတန(နိုင်)၁၈၈၈၃၈ ကိုင်ဆောင်သူမှာ (ဘ) ဦးအေး၏သား ဦးမင်းအောင် (ခ) အငယ်လေး၊ ၁၄/မအပ (နိုင်) ၁၇၉၄၂၅ ကိုင်ဆောင်သူနှင့် (၁၉.၁.၂၀၂၆)ရက်နေ့တွင် မိမိတို့၏လွတ်လပ်သောသဘောဆန္ဒအရ အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းစာချုပ် ပြုလုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ ထို့အပြင် သားဖြစ်သူ မောင်စွမ်းလင်းပိုင် အား မိခင်ဖြစ်သူမှ အုပ်ထိန်းစောင့်ရှောက်ခြင်းကိုလည်း သဘောတူလက်ခံကြသည်။ ကျွန်မ ဒေါ်သူဇာအောင်နှင့် ဦးမင်းအောင် (ခ) အငယ်လေးတို့မှာ (၁၉.၁.၂၀၂၆)ရက်နေ့မှစ၍ ပတ်သက်စပ်ဆိုင်ခြင်း အလျဉ်းမရှိတော့သလို ရထိုက်ခွင့်ရှိသော ပစ္စည်းတစ်စုံတစ်ရာလည်း မကျန်ရှိတော့ပါ။ သို့ဖြစ်ပါ၍ ၎င်း ဦးမင်းအောင် (ခ) အငယ်လေးနှင့် ပတ်သက်သည့် မည်သည့်ပြဿနာအရှုပ်အရှင်းတစ်စုံတစ်ရာကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းဆောင်ရွက်မည်မဟုတ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဒေါ်သူဇာအောင် (ဘ) ဦးထွန်းထွန်း ၁၄/ညတန(နိုင်)၁၈၈၈၃၈**
**ခိုင်စံပယ်လမ်း၊ အမှတ်(၇)ရပ်ကွက်၊ မအူပင်မြို့။ ၀၉ – ၆၈၆၄၀၂၀၁၀**

## "အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း"

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ် (၅၃–အေ/မြန်မာနန်းကွက်သစ်)၊ ဦးပိုင်အမှတ်(၆၀၁)၊ ဧရိယာ(၀.၀၈၃)ဧကရှိ မြေကွက် သည် ဗိုလ်ကြီးလှပို အမည်ဖြင့် နှစ် (၃၀) မြေငှားဂရန်ရရှိထားပါသည်။ အဆိုပါမြေကွက်အား ဒေါ်နန်းအိအိခိုင်၊ ၁၃/တကန(နိုင်)၂၀၃၇၉၅ က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူမည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ်(၇၇၅)ဟုခေါ် တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၇–လွှာ (တိုက်ရှေ့မျက်နှာမူလျှင်–ဝဲဘက်)၊ အကျယ်အဝန်း(၁၇ပေ x ၅၂ ပေ)ရှိဆောက်လုပ်ဆဲ မီနီကွန်ဒိုတိုက်ခန်းကို ကန်ထရိုက်တာများထံမှ ဝယ်ယူပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်ဝင်းဝင်းထိုက် ၁၂/ဒဂရ(နိုင်) ၀၀၂၃၈၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်မြင့်မြင့်ဝင်း ၁၂/ပဇတ(နိုင်)၀၁၈၅၅၈ နှင့် ဒေါ်ထက်ထက်ဝင်းလှိုင် ၁၂/ပဇတ(နိုင်) ၀၃၄၁၃၀ တို့က အပြီးအပိုင် ဝယ်ယူရန် သဘောတူသည့်အလျောက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော်ဦး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၂၄၆၉)**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉၅၁၈၃၅၆၉၊ ၀၉–၅၁၁၅၉၉၀၊ ၀၉၄၂၀၀၈၆၆၆၈၊ ၀၉၉၅၅၃၅၅၃၅၄**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၁)၊ မြေကွက်အမှတ် (၂၇၄၉+၂၇၅၀)၊ အကျယ်အဝန်း(၈၈ပေxပေ၆၀) ရှိ ဦးအိုက်အုံး (၁၂/ဗဟန(နိုင်)၁၄၈၄၃၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေ ကွက် (၂)ကွက် (အရပ်အခေါ်) အမှတ် (၂၇၄၉+၂၇၅၀)၊ (၆၁) ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေကွက်နှစ်ကွက်အား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားကာ အထူးကိုယ်စားလှယ်လွှဲစာရရှိထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်နန်းအေးဆိုင် (၁၃/လရန(နိုင်) ၁၁၂၆၉၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးလင်းထွန်း (၁၂/ဒဂဆ(နိုင်)၀၁၀၂၀၀)က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါမြေကွက် အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် – ၁၂၄၆၉)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း– ၀၉–၅၁၈၃၅၆၉၊ ၀၉–၅၁၁၅၉၉၀၊ ၀၉၄၂၀၀၈၆၆၆၈၊ ၀၉–၉၅၅၃၅၅၃၅၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ–၆)၊ ဦးပိုင်အမှတ်(၄၆)၊ ၅၈ x ၅၉ ကြား၊ ၁၁၄ x ၁၁၅ လမ်းကြားရှိ ဒေါ်အေး အမည်ပေါက် တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၆၅/၂၀၂၂) ဖြင့် အမွေဆက်ခံခဲ့သော ဦးညီညီလွင်၊ ဒေါ်ချိုချိုမြင့်၊ ဒေါ်မာမာဝင်း၊ ဒေါ်မြင့်မြင့်သိန်းတို့၏ (SP ရရှိသူ ဦးမျိုးထွန်းတင့်) ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၀၃၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သော ဒေါ်ကျန်ရှုရက် (ခ) ရွှေရွှေမြင့် ၁/မကန(ဧည့်)၀၀၁၆၉၂၊ ဒေါ်ရွှေရွှေလှ(ခ)ကျန်ရှုရင် ၁/မကန (ဧည့်)၀၀၁၅၈၇၊ ဒေါ်ရွှေရွှေအိ (ခ) ကျန်းရှုကျင့် ၁/မကန(ပြု)၀၀၀၃၇၂ တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၄၉၈၇/၂၀၂၅–၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/40947, Bonus SYM 110 ယာဉ်လက်ဝယ်ရှိသူ ဦးစောသိန်းထိုက်ဝင်း ၁၃/တကန(နိုင်)၁၄၂၂၈၁ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ရှမ်းပြည်နယ်ရုံး**
**(တောင်ကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၈၁၂၈ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူ ၁၀/မလမ(နိုင်)၁၀၃၃၆၆ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

Eastchem Co.,Ltd မှ ထုတ်လုပ်ပြီး Myanmar Han Yadanar Manufacturing Co.,Ltd မှ ဖြန့်ဖြူးရောင်းချသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများအား ယခင်အသုံးပြုခဲ့သော ထုတ်ကုန်အမည်မှ အောက်ဖော်ပြပါအတိုင်း ပြောင်းလဲ၍ ဖြန့်ဖြူးရောင်းချမည် ဖြစ်ပါသည်–

| စဉ် | ယခင် အမည် | ပြောင်းလဲမည့် အမည် | အဆိပ်ရှိပစ္စည်း | မှတ်ပုံတင် နံပါတ် |
|---|---|---|---|---|
| ၁ | မော်ကလင်း ၂၀၀ အိုဒီ | ပေါင်းရှင်း–ရှယ် ၂၀၀ အိုဒီ | Bispyribac–sodium 40g/l + Cyhalofop–butyl 160g/l OD | P2023–5211 |
| ၂ | အတာခီ ၂၀၀ အိုဒီ | အီမာ–စပိုင် ၂၀၀ အိုဒီ | Emamectin Benzoate 40g/l + Spinosad 160g/l OD | P2024–5561 |

သို့ဖြစ်ပါ၍ အဆိုပါပြောင်းလဲခြင်းအား ကန့်ကွက်ရန်ရှိပါက မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ထံသို့ ကြော်ငြာပါသည့်ရက်မှစပြီး (၁၄) ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**Myanmar Han Yadanar Manufacturing Co.,Ltd**
**တိုက် (၆)၊ အခန်း (၁၂)၊ မြေညီထပ်၊ ရန်ကင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

## မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၇)၊ ရွာသစ်ကလေး၊ ခါတော်မှီလမ်း၊ ဦးပိုင်အမှတ် (၄၀)၊ မြေယာအမှတ် (၄၅)၊ ကွင်းအမှတ် (၁၇-ပုညစု)၊ ဒေါ်ရွှေ အမည်ပေါက် ဂရန်မြေ ဧရိယာ (၀ ဒသမ ၁၄၉) ဧကထဲမှ ဧရိယာ (၀ ဒသမ ၀၄၉) ဧက (၄၃ x ၄၃) ပေ၊ (၃၃ x ၅၀) ပေကြား အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂) ထပ်တိုက် အဆောက်အအုံနှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ရွှေတိုက်ရုံဝင်း၊ ၂၆ x ၂၇ လမ်းကြား၊ ၈၀ x ၈၁ လမ်းကြား နေထိုင်သူ ဒေါ်ဇင်မီမိုး (ဘ) ဦးခင်မောင်စန်း ၉/ခအဇ(နိုင်)၀၆၅၈၂၁ မှ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်–

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၇)၊ ရွာသစ်ကလေး၊ ခါတော်မှီလမ်း၊ ဦးပိုင်အမှတ် (၄၀)၊ မြေယာအမှတ်(၄၅)၊ ကွင်းအမှတ်/အမည် (၁၇–ပုညစု)၊ ဒေါ်ရွှေ တရားဝင်အမည်ပေါက်ဂရန်မြေဧရိယာ (၀ ဒသမ ၁၄၉) ဧကထဲမှ ဧရိယာ (၀ ဒသမ ၀၄၉) ဧက (၄၃ x ၄၃) ပေကြား၊ (၃၃ x ၅၀)ပေကြား အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂) ထပ်တိုက် အဆောက်အအုံ အပါအဝင် ဝင်းခြံအကာအရံ၊ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်တကွ မြေပေါ်၊ မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုတာဝန်ယူဝန်ခံကတိပြုသူ ဦးနေလင်းအောင် (ဘ) ဦးမောင်မောင် ၉/ပဥလ(နိုင်)၀၆၃၈၁၇ ထံမှ ကျွန်ုပ်အမှုသည် ဒေါ်ဇင်မီမိုး (ဘ) ဦးခင်မောင်စန်း ၉/ခအဇ(နိုင်)၀၆၅၈၂၁ က အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ဒေါ်ရွှေ တရားဝင်အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၂) ထပ်တိုက် အဆောက်အအုံ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် (၂၂–၁–၂၀၂၆) ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စရပ်များအားလုံးတို့ကို ဥပဒေနှင့်အညီ အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်ဇင်မီမိုး**
**၉/ခအဇ(နိုင်)၀၆၅၈၂၁**

**ဒေါ်ဇင်မီမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြူမာသင်း (LL.B) (စဉ်–၁၄၆၉၅)**
**(တရားလွှတ်တော်ရှေ့နေ)**
**၃၅ လမ်း၊ ၇၄ x ၇၅ လမ်းကြား၊ အကွက်အမှတ် (၆၇၈)၊**
**စကြာနွယ်စဉ်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း– ၀၉–၉၆၉၉၅၀၉၆၈၊ ၀၉–၂၅၆၀၁၄၁၁၄**

## အများသိစေရန်ကြေညာခြင်း

Australia ၊ကွင်းစလန်ပြည်နယ်တွင်နေထိုင်သူ မြန်မာနိုင်ငံသား ဒေါ်ဖူးပွင့်ဖြူ (ဘ) ဦးခင်မောင်တင့် ၁၃/တကန(နိုင်) ၁၈၉၆၃၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း သိစေအပ်ပါသည်–

ဒေါ်ဖူးပွင့်ဖြူ၏ အမည်ပေါက်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်ဥက္ကာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀) ၊မြေကွက်အမှတ် (၇၅၉)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ) အကျယ်ရှိ နှစ် (၆၀)မြေငှား ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင်လွှဲပြောင်း ရောင်းချနေသည်ဟု ကြားသိရပါသည်။

အထက်ပါမြေကွက်မှာ Australia နိုင်ငံတွင် လက်ရှိနေထိုင်သူ ဒေါ်ဖူးပွင့်ဖြူ တစ်ဦးတည်းပိုင်ဆိုင်သော မြေကွက်ဖြစ်သောကြောင့် ပိုင်ရှင်ဖြစ်သူထံသို့ အသိမပေးအကြောင်းမကြားဘဲ အရောင်းအဝယ်ပြုလုပ်နေခြင်းဖြစ်သည့်အတွက် အဆိုပါ အရောင်းအဝယ်ပြုလုပ်မှုအား ပိုင်ရှင်ဖြစ်သူ ဒေါ်ဖူးပွင့်ဖြူ မှ ကန့်ကွက်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဖူးပွင့်ဖြူသည် ပြည်ပတွင်နေထိုင်လျက်ရှိသူဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဥပဒေအရ Special power ဖြင့် ကိုယ်စားလှယ်ခန့်အပ်မှု မပြုလုပ်ခဲ့ပါသဖြင့် အဆိုပါ အိမ်ကို ဒေါ်ဖူးပွင့်ဖြူမရှိသည့် အချိန်တွင် အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်ပါကြောင်း အဆိုပါ တရားမဝင်အရောင်းအဝယ်နှင့်ဆက်စပ်၍ ဖြစ်ပေါ်လာသော ဥပဒေရေးရာ၊ ငွေရေးရာ၊ အကျိုးဆက် အားလုံးကို ဒေါ်ဖူးပွင့်ဖြူမှ တာဝန်မယူကြောင်း၊ ကန့်ကွက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဤကြေညာစာတွင် ဖော်ပြပါရှိသည့်ရက်မှစ၍ အရောင်းအဝယ်ပြု လုပ်ခြင်းအား ရပ်တန့်ပါရန်နှင့် အရောင်းအဝယ်ပြုလုပ်ထားသော ဖြစ်စဉ်များကို ကျွန်ုပ်တို့ထံသို့ တစ်ဆင့်ဆက်သွယ်၍ ဖြေရှင်းပေးပါရန်၊ ပျက်ကွက်ပါက တရားမကြောင်းအရသော်လည်းကောင်း ၊ ရာဇဝတ်ကြောင်းအရ သော်လည်းကောင်း ဆက်လက်အရေးယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း လေးစားစွာအသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ဖူးပွင့်ဖြူ၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်တင်ဇာနည်နေဝင်း** | **ဒေါ်ခင်နီလာအောင်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၇၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၅၉၉၃)** |

**အမှတ်–၆၀/ဒီ၊ ပထမထပ်၊အေးရိပ်သာ၂လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ကမာရွတ်ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၃၀၈၁၆၉၄၊ ၀၉–၅၂၂၈၁၆၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၃၁)၊ ဦးပိုင်အမှတ်(၁၇–ဆ+၁၈–ခ)အတွင်းမှ (၁၇–ဆ) ခဲစင်း၊ ၈၈ (B) လမ်း၊ ၁၈ x ၁၉ လမ်းကြားရှိ ဒေါ်ခင်ရွှေ အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၄၁၃၆/ ၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ခင်မြရွှေ ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၇၃၃/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သော ဒေါ်လှိုင်လှိုင်တိုး ၉/မနမ(နိုင်)၁၂၁၈၈၁ က အမှုတွဲအမှတ် (၀၅၁၉/ဘခွဲ(ပြောင်း)/ ၂၀၂၅– ၂၀၂၆ ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၈၁၂၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

စာအုပ်စာပေ

လူ့မိတ်ဆွေ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးကိုဥပဒေ အမိန့် - ၅၊ နည်းဥပဒေ ၂၀)
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၈၁

ဒေါ်ရင်ရင်ဆွေ နှင့် ၁။ ဦးမင်းသူရ(ခ)မင်းသူရ
၂။ ဒေါ်ခင်မဏီ
၃။ ဒေါ်ခင်နွဲ့
၄။ ဗိုလ်ကြီးမောင်ကောင်း(ခ)ဦးကောင်း
၅။ ဒေါ်မာလာ
၆။ ဒေါ်သိန်းရင်
၇။ ဦးပန်းအေး
(တရားလို) (တရားပြိုင်များ)

အမှတ်-မရှိ၊ ညောင်တစ်ပင်လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (၂)တရားပြိုင် ဒေါ်ခင်မဏီ၊ အမှတ်-မရှိ၊ ရွှေပင့်ကူလမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (၃) တရားပြိုင် ဒေါ်ခင်နွဲ့ ၊ အမှတ်-၂၄/၈၅၊ အောင်ဇေယျဗိုလ်ချုပ်ငြိမ်ကျောင်းလမ်း၊ ရွာသစ်အနောက်၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (၄) တရားပြိုင် ဗိုလ်ကြီးမောင်ကောင်း(ခ)ဦးကောင်း၊ အမှတ်-မရှိ၊ အောင်ဇေယျလမ်းသွယ်၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ် နေ(၅)တရားပြိုင် ဒေါ်မာလာ၊ အမှတ်-မရှိ၊ ရွှေပင့်ကူလမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (၆) တရားပြိုင် ဒေါ်သိန်းရင်၊ အမှတ်- မရှိ၊ ရွှေပင့်ကူလမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (၇)တရားပြိုင် ဦးပန်းအေး (ယခုနေ ရပ်လိပ်စာမသိသူများ) တို့သိစေရမည်။

သင့်တို့အပေါ်၌၊ တရားလိုက မှတ်ပုံတင်အရောင်းအဝယ် ကတိစာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆုတ် ၈ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူများ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ လ၊ ၂၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဦးလှိုင်)
ဒုတိယခရိုင်တရားသူကြီး(၁)
အင်းစိန်ခရိုင်တရားရုံး

## အမည်မှန်

ဘားအံမြို့နယ်၊ ဝီရိယ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 တွင် ပညာသင်ကြားနေသော နန်းချူလျှန်း၏ အမည်မှန်မှာ နန်းသွန်းဆင့်ဆင့်ဦး ဖြစ်ပါကြောင်း။

**နန်းသွန်းဆင့်ဆင့်ဦး**

## အမည်မှန်

ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့၊ မြို့မ (၂) ရပ်ကွက်၊ ဦးဇော်မင်း ၇/ညလပ(နိုင်) ၁၀၃၇၉၄ ၏သား အထက ပိန်းဇလုပ်၊ G-2 တန်းမှ မောင်ခန့် မင်းအောင်၏ အမည်မှန်မှာ မောင်ခန့်ဘုန်းသော် ဖြစ်ပါကြောင်း။

**မောင်ခန့်ဘုန်းသော်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၁၂၆) ရပ်ကွက်၊ မြစံပယ်လမ်း၊ အမှတ်(၄၂၈)၊ အမှတ် (၄၂၉)နှင့်ကပ်လျက်အခြမ်း မြေအကျယ်အဝန်း (ပေ၄၀xပေ၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၁၀ပေxပေ၆၀) ပါမစ်မြေအမျိုးအစား အိမ်ခြံမြေနှင့် ယင်းအိမ်ခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးမြင့်သိန်း အမည်ပေါက်ပြီး ရောင်းချသူ ဦးသန်းဝင်း (၇/တငန(နိုင်)၀၀၈၁၁၁)မှ အရှုပ်အရှင်းကင်းပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဝယ်ယူသူ ဒေါ်ချိုမာဝင်း (၁၁/ရဗန(နိုင်)၀၇၆၇၀၅)မှ အပြီးအပိုင်ဝယ်ယူထားပြီး ဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ချိုမာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေမျိုးနိုင် (LL.B,WIPO-Switzerland) အထက်တန်းရှေ့နေ (စဉ် - ၄၃၁၉၈)**
**ဖုန်း-၀၉-၄၂၅၃၂၈၂၆၃၊ ၀၉-၇၅၆၀၂၁၉၇၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၂၆)ရပ်ကွက်၊ ရွှေရတနာလမ်း၊ မြေကွက်အမှတ်-၈၁၆ ဟုခေါ်တွင်သော အလျား (၆၀)ပေ x အနံ (၂၀)ပေ ဦးအုန်းလှိုင်အမည်ပေါက် ပါမစ်မြေ(မိတ္တူမှန်)နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင် ဒေါ်သန်းမြင့် ၁၂/အစန (နိုင်) ၁၃၅၄၈၀ ထံမှ ကျွန်ုပ် မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးဝေက အပိုင်ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေတစ် စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ထို့ကြောင့် အရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက စာရွက်စာတမ်းမူရင်းအထောက်အထားခိုင်လုံစွာဖြင့် ဤ ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချိုလဲ့သန္တာ (စဉ်- ၁၈၄၂၀) တရားလွှတ်တော်ရှေ့နေ**
**ဖုန်း- ၀၉-၉၆၅၃၉၈၂၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ၆/ညောင်ဝိုင်းမြောက်ပိုင်းရပ်ကွက်၊ (၉)လမ်း၊ ဦးပိုင်အမှတ် (၆၈ᵃ)၊ ဧရိယာ (၀.၀၁၈) ဧကမြေကွက်ကို ဦးသိန်းမြင့် (ဘ) ဦးညွှန့် [၇/ပခန(နိုင်)၁၁၉၄၀၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သူ (ဘ) ဦးနာဂစ် [PGU-၃၂၃၉၄၇]နှင့် ဒေါ်ဥမ္မာလင်း (ဘ) ဦးရာမူးသီး [၁၂/ဗတထ(ပြု)၀၀၀၆၈၀]တို့က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ ဝယ်ယူထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်လိုသူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါ မြေကွက် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးကျော်သူ၊ ဒေါ်ဥမ္မာလင်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဆန်းလင်း၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၂၉)**
**အမှတ်(၂၃၄)၊ ဗိုလ်ချုပ်လမ်း၊ သာယာအေး၊ ပဲခူးမြို့ ၊ ဖုန်း-၀၉-၂၅၀၂၀၈၈၁၆**

## KING MAKER အိမ်ခြံမြေအကျိုးဆောင်
## (09-43021001)

၁။ စိန္တကျော်သူ ဦးဩလမ်း၊ (၄၈)ရပ်ကွက်၊ မ/ဒဂုံ(U9) 3RC။
(၈၀' x ၆၀') ဂရံအမည်ပေါက်၊ ထောင့်ကွက်၊ သိန်း (၂၇၀၀၀)။

၂။ ကောက်သွယ်(၂)လမ်း၊ သုဝဏ္ဏ (VIP 2)။ 2BN။
(၅၇' x ၄၅') ဂရံအမည်ပေါက်၊ ထောင့်ကွက်၊ သိန်း (၁၈၀၀၀)။

၃။ မြောက်ဒဂုံ (၄၅)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းဒွဲပေါက်၊
(၄၀' x ၆၀') ဂရံအမည်ပေါက်၊ (၁)ထပ် ပျဉ်ထောင်၊ အရှေ့လှည့်၊
သိန်း (၁၁၀၀၀)။

## ကန့်ကွက်နိုင်ပါကြောင်း

မိုးညှင်းမြို့နယ် ၊ နန့်ပုတ်ကျေးရွာအုပ်စု ၊ ကွင်းအမှတ်နှင့်အမည် ၃၃၃ / ပင်စချယ် ၊ မြေကွက်အမှတ်($\frac{၁၃}{၄၇၃}$) ၊ ရွာမြေ ၊ မြေဧရိယာ(၀.၁၆)ဧကရှိ မြေကွက်အား ဒေါ်နန်းစိုး (ဘ) ဦးစံထွေး ၁/မညန(နိုင်)၁၉၈၈၃၇ အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထား ဆောင်ရွက်မည်ဖြစ်သဖြင့် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်တင်ပြသူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းစိုး ၁/မညန(နိုင်)၁၉၈၈၃၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ မြို့မအနောက်ရပ်ကွက်၊ ဈေးကွက်သစ် (၁)လမ်းတွင်တည်ရှိသည့် အရှေ့လားသော် - ဈေးကွက်သစ်(၁) လမ်း၊အနောက်လားသော်-ဦးစောလှိုင်၊တောင်လားသော်-ဦးသန်းဝင်း၊မြောက်လားသော်-ဦးတင်ဦး၊ အလားလေးရပ်အတွင်းတည်ရှိသော အနံ (၂၅) ပေ၊ အလျားပေ (၉၀) ရှိသည့် ခြံမြေကွက်နှင့်ယင်း ခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃x၄) ပင်၊ သွပ်မိုး၊ ထရံနှင့်ကျောက်ပြား အကာ၊ (၂) ထပ် ပျဉ်ထောင်အိမ်တစ်လုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မေကြည်က လွန်ခဲ့သော နှစ်ပေါင်း (၆၀) ကျော်မှစ၍ ယနေ့တိုင်လက်ရှိထားနေထိုင်၍ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူဖြစ်ပါသောကြောင့် ရောင်းချခဲ့ရာစရန်ငွေတစ်စိတ်တစ်ဒေသကို ဝယ်ယူသူထံမှ လက်ခံရယူထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ ခြံမြေအိမ်နှင့်စပ်လျဉ်း၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ဥပဒေနှင့်အညီ ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီး ဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်မေကြည်၏လွှဲအပ်ချက်အရ -**
**ဒေါ်သူဇာလွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၆၃/၂၀၁၇)**
**ပဲခူးလမ်းတောင်ပိုင်း၊ တာခြားရပ်၊ ဖြူးမြို့**

## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၅)၊ မောရဝတီလမ်း၊ မြေကွက်အမှတ် (၅) ၊ ဧရိယာ (၄၀ပေ x ၆၀ပေ ) ရှိဦးလှဖုန်း အမည်ပေါက် ပါမစ်မြေကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်အေး ၁၂/လမန (နိုင်)၀၁၆၁၉၅ ထံမှ ကျွန်ုပ်မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ကို ပေးချေထားပြီး ဖြစ်ပါသည်။

ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက (၁၄) ရက်အတွင်း သက်ဆိုင်သည့် မူရင်းစာရွက် စာတမ်းများနှင့်အတူ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်ထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်နိုင်( LLB)တရားလွှတ်တော်ရှေ့နေ၊ စဉ်-၄၀၁၉)**
**အမှတ်-၂၁၁(ခ/၄)၊ (၃၆)လမ်း ၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ။**
**ဖုန်း-၀၉ ၄၂၀၀၂၆၇၈၄ ၊၀၉ -၄၅၀၅၃၈၉၈၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/9497, Toyota Sprinter CE107 S/W(4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းသန်း ၁၂/အစန(နိုင်) ၀၃၆၃၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 7A/3558, Toyota Dyna BU, L/T (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးဘိုးတုပ် ၈/မသန(နိုင်)၀၆၁၃၀၀ က ဖောင်းကြွနံပါတ်ပြားပျောက်လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**(မအူပင်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 35W/44287, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှမင်း ၁၄/အဂပ(နိုင်) ၂၀၂၅၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ကမာနက်ရပ် အကွက်အမှတ် (၆၃၉) အကွက်အမည် ကမာနက်ကွင်း၊ ဦးပိုင်အမှတ် (၁ᶜ)၊ ဧရိယာ (၀.၅၄) ဧကရှိ မြေကို ဦးမျိုးမင်းညွှန့်မှ ဘိုးဘပိုင်အမည်ပြောင်းပေးရန် လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူရှိပါက ၁၂-၂-၂၀၂၆ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပဲခူးမြို့နယ်မြေစာရင်း**
**ဦးစီးဌာန၊ ပဲခူးမြို့**




## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့ ၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၀၃၀၈)၊ မြေဧရိယာ (၀.၁၄၆)ဧကရှိ ဦးစည်သူအောင် (ဘ)ဦးအောင်မြင့် ၉/ပမန(နိုင်)၂၉၇၉၈၃ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဦးစည်သူအောင်ထံမှ ပျဉ်းမနားမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာ အမှတ် (၆၃၆/၂၀၂၂)၊ (၁၄-၁၂-၂၀၂၂)ရရှိထားသူ ဒေါ်ရီရီမြင့် (ဘ)ဦးလှရှင် ၁၂/အစန(နိုင်)၀၁၀၂၅၇မှ ဦးကျော်ကျော်ဦး (ဘ)ဦးကျော်ရွှေ ၁/မကတ(နိုင်)၀၅၀၅၃၄ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါ ရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၈)၊ ရာဇဓိရာဇ်လမ်း၊ မြေကွက်အမှတ် (၁၀)၊ မြေအကျယ်အဝန်း (၀.၀၅၅)ဧက၊ စတုရန်းပေ(၂၄၀၀)ရှိသော ဦးကျော်ထွန်း (၁၂/ဥကမ(နိုင်) ၁၆၅၈၂၃) အမည်ပေါက် နှစ် (၆၀) ဂရန်မူရင်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား နှစ် (၆၀) ဂရန်မူရင်း၊ နှစ်ဦးသဘောတူစာချုပ် အဆက်ဆက်မူရင်းများနှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လဲ့ရည်ဝင်း (၁၂/ဥကတ(နိုင်)၁၆၇၂၄၁) မှ အရှုပ်အရှင်းကင်းရှင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးဝေမျိုးအောင် ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဒေဝီ LL.B အထက်တန်းရှေ့နေ (စဉ်-၅၃၄၃၁/၂၀၂၀)**
**အမှတ်(၉၁၃)၊ ရေသန့်လမ်း၊ ၁၃၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၃၀၆၀၅၀၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၉)၊ မြေကွက်အမှတ် (၃၆၄)၊ မြေအကျယ်အဝန်း (၀.၀၅၅ ဧက) ရှိ ဒေါ်မေမေရီ (၁၂/ဥကတ(နိုင်)၀၅၀၄၉၇) အမည်ပေါက် နှစ် (၆၀) ဂရန် မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား နှစ် (၆၀) ဂရန်မူရင်းနှင့်တကွ၊ နှစ်ဦးသဘောတူစာချုပ် အဆက်ဆက်မူရင်းများ၊ ယင်းမြေကွက်နှင့်သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန်းသန်းစိုး (၁၂/ဥကတ(နိုင်)၁၂၃၂၁၇)မှ အရှုပ်အရှင်းကင်းရှင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးကျော်စိုးနိုင် ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဒေဝီ LL.B အထက်တန်းရှေ့နေ (စဉ်-၅၃၄၃၁/၂၀၂၀)**
**အမှတ်(၉၁၃)၊ ရေသန့်လမ်း၊ ၁၃၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၃၀၆၀၅၀၈**

## "အများသိစေရန်ကြေညာခြင်း"

ဒေါ်သန်းသန်းငွေ(ဘ)ဦးဟန်စိန်၁၂/တမန(နိုင်)၀၀၀၇၄၈ သည် ၎င်းတစ်ဦးတည်းပိုင် ပစ္စည်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ် ၊ ယုဇနဥယျာဉ်မြို့တော်(စီဘလောက်)၊ (၁၅)လမ်း၊ တိုက်(၃၃)၊ အခန်းအမှတ်(၁၀၃) ဟုခေါ်တွင်သော လူနေတိုက်ခန်း(၁)ခန်းနှင့်ယင်းတိုက်ခန်းတွင်ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိတ်ဆွေရင်းဖြစ်သူ ဒေါ်ပိုးအိဖြူ(ဘ)ဦးမာမက်အီစမာအင် ၁၀/မလမ(နိုင်)၃၀၀၅၄၆ထံသို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း (ဟီဘာ)စာချုပ်ကို (၁၉-၁၂-၂၀၂၅)ရက်တွင် နှစ်ဖက်အသိသက်သေများ ရှေ့မှောက်ချုပ်ဆိုကာ လက်ထိလက်ရောက်ပေးအပ် ပြီးဖြစ်ကြောင်း အများသိစေရန် လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| ဒေါ်ဇင်ဇင်ဦး | ဒေါ်ဝါဝါဝင်းသူ | ဒေါ်စုမြတ်မြတ်သော် |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၉၃၅၆) | (စဉ်-၅၅၀၁၉) | (စဉ်-၅၇၀၂၅) |

**အမှတ်(၄၂၄)၊ ဘိုးရာဇာလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန် ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉ -၄၀၀၈၉၆၃၀၉**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန ပထမအကြိမ် အိတ်ဖွင့်လေလံကြော်ငြာ(ပြင်ဆင်ခြင်း)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် အခွင့်အရေးအရပ်ရပ်ဆိုင်ရာလုပ်ကိုင်ခွင့်လိုင်စင်များကို ပထမအကြိမ် အိတ်ဖွင့်လေလံရောင်းချမည့်အစီအစဉ်အား ၁၆-၁-၂၀၂၆ ရက်နှင့် ၁၇-၁-၂၀၂၆ ရက်တို့တွင် သတင်းစာများ၌ ထည့်သွင်းကြော်ငြာခဲ့သော လေလံတင်ရောင်းချမည့်အစီအစဉ်များအား အောက်ပါအစီအစဉ်များအတိုင်း ပြင်ဆင်၍ ပထမအကြိမ်အိတ်ဖွင့်လေလံရောင်းချသွားမည်ဖြစ်ပါသည်-

| စဉ် | အခွင့်အရေးအမျိုးအစား | လေလံတင် ရောင်းချမည့်ရက် | နေရာ/အချိန် |
|---|---|---|---|
| (က) | ရေချိုး/အိမ်သာအသုံးပြုခ ကောက်ခံခွင့်(၄)နေရာ | ၉ - ၂ - ၂၀၂၆ | (၆)ထပ်ဆောင် |
| ( ခ ) | ယာဉ်ရပ်နား(ကန့်သတ်) ကောက်ခံခွင့်(၆)နေရာ | ။ | အစည်းအဝေးခန်းမ နံနက် ၁၀:၀၀ နာရီ |
| ( ဂ ) | စက်ဘီး/ဆိုင်ကယ်အပ်နှံခ ကောက်ခံခွင့်(၁၄)နေရာ | ။ | ။ |
| (ဃ) | အပေါင်ဆိုင်(၅)နေရာ | ၁၀ - ၂ - ၂၀၂၆ | ။ |
| ( င ) | ဝက်သားဆိုင်(၃၇)ဆိုင် | ။ | ။ |
| ( စ ) | ဆိတ်သားဆိုင်(၃၅)ဆိုင် | ။ | ။ |
| (ဆ) | အမဲသားဆိုင်(၂၃)ဆိုင် | ။ | ။ |

၂။ အထက်ဖော်ပြပါ လုပ်ကိုင်ခွင့်များအား လေလံဆွဲဝယ်သူများသည် လေလံလျှောက်လွှာများကို လေလံယှဉ်ပြိုင်မည့်အမျိုးအစားအလိုက် လျှောက်လွှာဝယ်ယူ၍ လျှောက်လွှာ၌ သတ်မှတ်ထားသော လေလံစည်းကမ်းများနှင့်အညီ ပါရှိရမည့်စာရွက်စာတမ်းများ ပြည့်စုံစွာပူးတွဲလျက်တင်ပြပြီး လေလံကြမ်းခင်းဈေး၏(၁၀%) စားပွဲတင်စပေါ်ငွေကို အိတ်ဖွင့်လေလံပွဲရက်မတိုင်မီ ကြိုတင်၍ ရတနာပုံဘဏ်လီမိတက်သို့ တင်သွင်းထားရှိရမည်။ လျှောက်လွှာတင်သွင်းခြင်းနှင့် စပေါ်ငွေလက်ခံမှုနောက်ဆုံးရက်မှာ (၆-၂-၂၀၂၆) ရက် (၁၄:၀၀)နာရီဖြစ်ပြီး အိတ်ဖွင့်လေလံစတင်ရောင်းချမည့်ရက်မှာ (၉-၂-၂၀၂၆) ရက်ဖြစ်ပါသည်။ သိရှိလိုသည်များရှိပါက ဖုန်း-၀၉-၄၄၁၀၃၇၈၈၉ နှင့် ၀၉-၉၅၀၀၅၄၃၂၂ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မလပ်ချ်မီး(ခ)သီရိမေ ၁၃/တကန(နိုင်)၂၅၄၇၈၆ ၏အမည် မှာ **‘လပ်ချ်မီး(ခ)သီရိမေ’** နှင့် **'မလချ်မီး’** ဖြစ်နေပါသဖြင့် **‘လပ်ချ်မီး(ခ)သီရိမေ’** နှင့် **‘မလချ်မီး’**မှာ လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ပါကြောင်း၊ ကျွန်မ၏ ဖခင်အမည်မှာ **‘ဦးရမ်းချန်ဒါ(ရ်)’** ၊ **‘ဦးရာမ်ချန်ဒါရ်’** ဦးရာမ် ချန်ဒါ(ရ်)၊ ဖြစ်နေပါသဖြင့် **‘ဦးရမ်းချန်ဒါ(ရ်)’**၊ **‘ဦးရာမ်ချန်ဒါရ်’**၊ **‘ဦးရာမ်ချန်ဒါ(ရ်)’**မှာ လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း နှင့် ကျွန်မ၏မိခင်အမည်မှာ **“ဒေါ်ကန်သီဒေဝီ” ‘ဒေါ်ကမ်းတီဒေဝီ’** ဖြစ်နေပါသဖြင့် **‘ဒေါ်ကန်သီဒေဝီနှင့် ဒေါ်ကမ်းတီဒေဝီ’**မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေကွက်အမှတ် (ဒ-၆၃၁၁၊) ဟုခေါ် တွင်သော အလျားပေ (၆၀)x အနံပေ (၄၀)၊ ဧရိယာ (၀.၀၅၅) ဧကရှိမြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဦးစိန်မောင်မြင့် (ဘ)ဦးဘိုးဟံ ၉/လဝန(နိုင်)၁၀၉၄၄၅ အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အားလွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်မြတ်မြတ်ခိုင်(ဘ)ဦးတင်ဝင်း ၁၂/ဥကတ(နိုင်) ၁၅၄၇၇၅ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ကို အများသိစေရန် ကြေညာအပ်ပါသည်၊

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇင်မင်းထိုက် (L.L.B)တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၂၁/၂၀၁၆)**
**ပုရွတ်ဆိတ်ကုန်းရွာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၉-၄၃၀၄၅၉၁၁**

## သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၁၂/ရေချမ်းအိုး ၊ မန္တလေး - လားရှိုးလမ်းသွယ်၊ အိမ်အမှတ် (၄)နေ ဦးအလေးဖ နှင့် ဒေါ်နန်းလှရီ (၁/မညန(နိုင်)၀၂၅၅၆၂)တို့၏ သားဖြစ်သူ မောင်အာကာထက်ကျော်ဦး (၉/ပဥလ(နိုင်)၀၄၄၀၀၅)သည် မိဘ၏ ဆိုဆုံးမမှုအား နာယူမှုမရှိဘဲ မိဘအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သောကြောင့် ၄င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် မောင်အာကာထက်ကျော်ဦးနှင့်ပတ်သက်သော ကိစ္စအဝဝများအား လုံးဝ( လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းလှရီ (၁/မညန (နိုင်)၀၂၅၅၆၂ )**
**ရပ်ကွက်ကြီး (၁၂/ရေချမ်းအိုး)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက် အမှတ် - ၁၉ ၊ မြေကွက်အမှတ် -၁၁၀၆ (ခ)ပေါ်ရှိ (အမှတ်-၁၁၀၆)(ခ) ၊ အောင်သီရိလမ်း ၊ ၁၉- ရပ်ကွက် ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဟုခေါ်တွင်သော အကျယ်အဝန်း ၂၁ ပေ x ၆၀ ပေ ရှိ ဦးလှမြင့်ဦး အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်နုနုရီ ၅/ကလဝ(နိုင်) ၀၀၃၆၈၀ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့် ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှု တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးမျိုးမြင့်အောင် | ဦးအေးမင်းသူ |
|---|---|
| စဉ်-၂၅၁၆၅ | စဉ်-၂၆၁၉၉ |

အထက်တန်းရှေ့နေများ
အမှတ် - ၅၈/၆၀ (ပထမထပ်) ၊ မဟာဗန္ဓုလပန်းခြံလမ်း ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့ ၊ ဖုန်း - ၀၉၅၁၄၅၇၆၇ ၊ ၀၉-၄၂၀၀၂၈၃၆၆

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ ) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁

ဦးမောင်မောင်ညွန့် (တရားလို) နှင့် ဒေါ်နော်လားဂေး (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃) ရပ်ကွက်၊ ပညာတန်ဆောင်လမ်း၊ အမှတ်-၅၈၆ နေ ဒေါ်နော်လားဂေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက “ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြော ဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၀ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆုတ် ၉ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံး တော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ လ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင့်ဝါဖေဝင်း)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## YLG BULLION MYANMAR COMPANY LIMITED
## Myanmar Insolvency Law Section (147)
## For Member's Voluntary Winding-up

At the Extraordinary General Meeting of the shareholders of Company held on (26.1.2026), a resolution was passed for the voluntary winding-up of the company. Furthermore, it was resolved that Daw Wint Thandar Oo, Advocate (Sr No. 8326), a member of the Myanmar Association of Insolvency Practitioners (Membership No. 00100), be appointed as the Liquidator for the liquidation process.

In accordance with the above resolution, all persons claiming to be creditors of the abovementioned company are hereby requested to submit full particulars of their claims, supported by relevant documentary proof, to the Liquidator at the address provided below on or before (27.2.2026).

| Mr. Tanapong Nawawattanasub | Daw Wint Thandar Oo |
|---|---|
| Director | Liquidator |
| YLG BULLION MYANMAR COMPANY LIMITED | No. 57, U Lun Maung Street, 7 Quarter, Mayangone Township, Yangon. |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ဥယျာဉ်ဝကျေးရွာ၊ ကွင်းအမှတ် (၉၂၉)၊ ကွင်းအမည်-ကြပ်ကွင်း၊ ဧရိယာ(၂. ၅၀)ကေထဲမှ ဖောင်ကြီး-တိုက်ကြီး လမ်းမဘေး၊ မျက်နှာစာအလျား ( ၁၆၆/၂၃၀ )ပေxအနံ ( ၁၆၂/၁၆၇ )ပေခန့်ရှိသော ဥယျာဉ်ခြံမြေနှင့် ယင်းမြေပေါ်တွင်စိုက်ပျိုးထားသော သီးပင်စားပင်အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ခင်မိုးမြင့် (၃/ကဆက(နိုင်)၀၄၆၆၃၈) က စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုလာခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇေထူး (၁၂/မဂတ (နိုင်)၁၁၃၈၆၂)မှ အထက်ပါမြေကွက်အား ဝယ်ယူရန်အတွက် မြေကွက်တစ်ခုလုံး၏ တန်ဖိုးငွေအတွက် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ဒေါ်ခင်မိုးမြင့်၏ မြေကွက်နှင့်စပ်လျဉ်း၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇေထူးထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် သွားပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးကျော်ဇေထူး | ဦးထွန်းမြတ် (LL.B) စဉ်-၉၃၁၃ |
| ၁၂/မဂတ(နိုင်)၁၁၃၈၆၂ | တရားလွှတ်တော်ရှေ့နေ |
| ဖုန်း ၀၉-၉၇၂၂၇၇၄၂၂ | ဖုန်း ၀၉-၂၅၀၁၃၆၈၁၇၈ |

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/7685 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှိုင်စုမွန် ၉/ပမန(ဧည့်)၀၀၀၁၄၅ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား အလိုလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃) ရပ်ကွက်၊ ကွင်းအမှတ် ၅၂/စီးပွားဇုန်၊ ဦးပိုင်အမှတ် ပီ-၃/၂၃-ဧ၊ ဧရိယာ(၀ဒသမ ၀၃၀)ကေရှိ မြို့မြေကို ဒေါ်သင်းသင်းမော် အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန ၊ ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/မစိုးရိမ်မြောက်၊ ဦးပိုင်အမှတ် (၉၇ᵃ)၊ ဧရိယာ(၀.၄၄၂)ကေရှိ ဦးသန်း(ပါ)၂-ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမည်ပေါက်သူများ ကွယ်လွန်သွားခဲ့ပြီးဖြစ်သဖြင့် သား၊ သမီးများဖြစ်ကြသော ဒေါ်ခင်မမ ၉/ပမန(နိုင်)၀၀၄၈၂၂ (ပါ)၇-ဦး(ဒေါ်ခင်မမ၊ ဒေါ်နွယ်နွယ်ဦး၊ ဦးစိန်ဝင်း၊ ဦးလှမင်း၊ ဒေါ်သန်းသန်းနွဲ့၊ ဦးချိုချိုထွန်း၊ ဒေါ်မာမာ)တို့မှ အရောင်းအဝယ်စာချုပ်အမှတ်(၄၀/၁၉၅၈)၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုလွှာ မှတ်ပုံတင်အမှတ်(၂၇၆/၂၀၂၅)၊ သေဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ကွင်း/အကွက် အမှတ်(၆၇၂ - အေ၊ ကျောင်းကုန်းမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၅၀/၁၊ ၅၀/၂၊ ၅၁/၂၊ ၄၉၊ ၅၆၊ ၅၇)၊ ဧရိယာ (၄ဒသမ၃၈၉) ကေ အကျယ်ရှိ ဒေါ်ခင်မျိုးဦး အမည်ပေါက် မြေကွက်ကြီးအတွင်းမှ မြေကွက်အမှတ် (၅၉)၊ အလျား x အနံ (၄၀ x ၆၀) ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင် ဝန်ခံသူ ဦးကျော်ကိုကို ၁၂/ သလန (နိုင်) ၁၃၇၁၀၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးခင်မောင်မြင့် ၇/ ရတရ (နိုင်) ၀၈၀၁၄၂ က(၂၂-၁-၂၀၂၆) ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရောက်ရရှိထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးဇာနည် ( LL.B,DBL,DIPL) | ဒေါ်အိအိမော်(ခ)အိသဥ္စာအောင် ( LL.B,DIPL) |
|---|---|
| (စဉ် - ၁၄၆၆၈) | (စဉ်-၁၈၇၂၆) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊သန်လျင် မြို့၊ ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၂)၊ မြေကွက်အမှတ် (၂၀၇)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးတင်ရွှေ (**DDE-** ၁၁၄၃၀၄) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ကျော် (၁၂/ သဃက (နိုင်) ၁၄၃၄၆၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါ သည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃/သုဝဏ္ဏ)၊ အင်ကြင်းမြိုင်လမ်း၊ ခြံအမှတ်(၂၁၉)၊ မြေကွက်အမှတ် (၅၈)၊ အကျယ်အဝန်း (၇၉ပေ × ၇၄ပေ)ရှိ ဒေါ်ဌေးလှယဉ် (ခ)ဒေါ်ဘေဘီအောင်(၁၂/ သဃက (နိုင်) ၀၁၃၁၈၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒါဌေးလှယဉ် (ခ)ဒေါ်ဘေဘီအောင် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

သာကေတမြို့နယ်နေ ဒေါ်ဆုမြတ်စန္ဒီ ၁၂/သကတ(နိုင်)၂၀၃၄၁၁ ကိုင်ဆောင်သူ၏ မိခင် ဒေါ်ကျင်ရီနှင့် ဒေါ်ကြင်ရီ သည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## လူမှုကွန်ရက်စာမျက်နှာဖြစ်သော Facebook တွင် GMD Car Lucky Draw အမည်ပါ စာမျက်နှာနှင့် ပတ်သက်၍ အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ (၁၄)ရပ်ကွက်၊ အမှတ်(၈)ရှိ City Complex Car Centre(၄င်းလုပ်ငန်း၏ တာဝန်ပေးအပ်ခြင်းခံရသူ ဦးရန်နောင်မြင့် (၉/ဝတန(နိုင်)၁၃၃၇၃၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေလုပ်ငန်းဖြစ်သော City Complex Car Sales Centre သည် အထက်ဖော်ပြပါလိပ်စာ၌ မော်တော်ယာဉ်များအား လက်ငင်းငွေချေစနစ်၊ ဘဏ်များနှင့်ချိတ်ဆက်၍ အရစ်ကျစနစ်တို့ဖြင့် ရန်ကုန်မြို့တွင် ကောင်းသော အမည်ဂုဏ်သတင်းဖြင့် ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပါသည်။ ထိုသို့ လုပ်ကိုင်ရာမှ လူမှုကွန်ရက်စာမျက်နှာဖြစ်သော Facebook တွင် GMD Car Lucky Draw အမည်ဖြင့် ကားမျိုးစုံတို့ကို မဲဖောက်ပေးသည့်စနစ်ဖြင့် Car Lucky Draw များရောင်းချလျက်ရှိသော GMD Car Lucky Draw Facebook Page ၏ လိပ်စာတွင် ကျွန်ုပ်မိတ်ဆွေလုပ်ငန်းက သိရှိခြင်း၊ ခွင့်ပြုခြင်းမရှိဘဲ No.8, Than Thu Mar Road, 14 Quarter, South Oakkalarpa Township, Yangon ဟု အများသူငှာ ထင်ယောင်ထင်မှားဖြစ်စေရန် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါလိပ်စာမှာ ကျွန်ုပ်မိတ်ဆွေလုပ်ငန်းဖြစ်သော City Complex Car Sales Centre ၏ လိပ်စာသာဖြစ်ပြီး GMD Car Lucky Draw Facebook Page အနေဖြင့် ကျွန်ုပ်မိတ်ဆွေလုပ်ငန်း၏ လိပ်စာအား အလွဲသုံးစားပြုဖော်ပြထည့်သွင်းခဲ့ခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် GMD Car Lucky Draw Facebook Page ၏ ဆောင်ရွက်မှုအဝဝတို့မှာ City Complex Car Sales Centre နှင့်လုံးဝပတ်သက် ဆက်နွယ်မှုမရှိပါကြောင်း၊ GMD Car Lucky Draw Facebook Page ၏ ဆောင်ရွက်မှုမှန်သမျှတို့မှာ GMD Car Lucky Draw Facebook Page နှင့်သာ သက်ဆိုင်ပါကြောင်း၊ GMD Car Lucky Draw Facebook Page တွင် ကျွန်ုပ်မိတ်ဆွေလုပ်ငန်း၏ အထက်ဖော်ပြပါလိပ်စာအား ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ပယ်ဖျက်ပေးရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးမင်းဆွေ (LL.B, D.B.L) (စဉ်-၁၄၄၀၄) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၈)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၅၇၅၆၈၂၁၊ ၀၉-၄၃၁၆၇၂၉၆၊ ၀၉-၄၂၁၀၂၂၁၁၂**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## အမရပူရခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၆

**ကွယ်လွန်သူ ဦးနှောင်း ၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု-**

